# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၁၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၂၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ဟော်နန်းပုံစံတူပြတိုက် ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ဟော်နန်းပုံစံတူပြတိုက်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

**နေပြည်တော် မေ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ အမှတ်(၅) ရပ်ကွက်၊ နောင်တုံကန်ပတ်လမ်းရှိ ဟော်နန်းဥယျာဉ်မြေ၊ ဟော်နန်းမြေနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့်နေရာတွင် အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ဟော်နန်းပုံစံတူပြတိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**❝ သမိုင်းမှတ်တမ်းအထောက်အထားများ ယခုထက် ပိုမိုပြည့်စုံစွာရရှိနိုင်ရေး၊ ရှိပြီးဖြစ်သည့် ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများပျက်စီးမှုမရှိစေရေးအတွက် စနစ်တကျထိန်းသိမ်းပြီး လိုအပ်ပါကမှန်များကာရံ၍ ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်သွားရန်နှင့်မပျောက်ပျက်အောင် အဆင့်ဆင့်လက်ဆင့်ကမ်းထိန်းသိမ်း ❞**


**ယနေ့ ဖတ် စ ရာ**

**ကျုံ့အိတ်တံတားပျက်စီးမှုကြောင့် ခရီးလမ်းပန်း ပြတ်တောက်မှု မရှိစေရေး စီမံဆောင်ရွက်** — ပြည်တွင်းသတင်း | စာ ၁၁

**အသည်းအစားထိုးခွဲစိတ်ကုသမှု လုပ်ငန်း ဒုတိယနေ့ ဆက်လက်ဆောင်ရွက်** — ပြည်တွင်းသတင်း | စာ ၁၂

**အာကာသအတွင်းသို့ ဂြိုဟ်တုသစ် တစ်စင်း တရုတ်လွှတ်တင်** — နိုင်ငံတကာသတင်း | စာ ၁၃

**ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာန၏ မဲခေါင် - လန်ချန်း အထူးရန်ပုံငွေဖြင့် ဒေသတွင်းနိုင်ငံများ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး** — ဆောင်းပါး | စာ ၂၀

❒ *ရှေ့ဖုံးမှ*

ဆွေတော်မျိုးတော်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ဆွေတော်မျိုးတော်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ကျိုင်းတုံဟော်နန်း ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းအား အခမ်းအနားမှူးက ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြို့မိ မြို့ဖ ဦးစိုင်းရီတစ်ပဝုန်းက လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ပျောက်ဆုံးသွားခဲ့သည့် ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက်အား ပြန်လည်တွေ့မြင်ရသဖြင့် ယနေ့သည် ကျိုင်းတုံမြို့အတွက် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည့် နေ့ကောင်းနေ့မြတ်တစ်ရက်ပင် ဖြစ်ပါကြောင်း၊ မိမိတို့ကျိုင်းတုံ ဒေသခံပြည်သူလူထုတို့အနေဖြင့် ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက်အား ပြန်လည်တည်ဆောက်နိုင်ရေးအတွက် နှစ်အဆက်ဆက်ကြိုးပမ်းခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်နိုင်ခြင်း မရှိခဲ့ပါကြောင်း၊ ယခုကဲ့သို့ ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ဟော်နန်းပုံစံတူပြတိုက်ကြီးကို အကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ရေး လမ်းညွှန်မှုပြုခဲ့သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ဒေသခံများအနေဖြင့် ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက်ကြီး ပြန်လည်ဖော်ဆောင်လာနိုင်ခဲ့သည့်အတွက် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာပီတိဖြစ်ရပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ဟော်နန်းပုံစံတူပြတိုက်ကို ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာဒေါ်ရင်ရင်နွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသစ်ပြန်လည်တည်ဆောက် ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ဟော်နန်းပုံစံတူပြတိုက် ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ဆွေတော်မျိုးတော်များနှင့် မြို့မိမြို့ဖများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက် ဆောက်လုပ်ရေး တာဝန်ယူဆောင်ရွက်ခဲ့သည့် တာဝန်ရှိသူများကို ချီးမြှင့်ငွေများ ပေးအပ်သည်။ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ဟော်နန်းပုံစံတူပြတိုက် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။



ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာ ဒေါ်ရင်ရင်နွယ်တို့က အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ဟော်နန်းပုံစံတူပြတိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ဟော်နန်းပုံစံတူပြတိုက်ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ဟော်နန်း ပုံစံတူပြတိုက်အတွင်း ခင်းကျင်းပြသထားသည်များကို စိတ်ဝင်တစားလိုက်လံကြည့်ရှုစဉ်။

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ကျိုင်းတုံဟော်နန်း ပုံစံတူပြတိုက်အတွင်း၌ ခင်းကျင်းပြသထားသည့် ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်နှင့် မိသားစုဝင်များ၊ ဆွေတော်မျိုးတော်များ၏ သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ အထောက်အထားမှတ်တမ်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ အခန်းဖွဲ့စည်းဆောင်ရွက်ထားရှိမှုများကို စော်ဘွားကြီး၏ ဆွေတော်မျိုးတော်များနှင့်အတူ စိတ်ဝင်တစား လိုက်လံကြည့်ရှုခဲ့ပြီး သမိုင်းမှတ်တမ်းအထောက်အထားများ ယခုထက် ပိုမိုပြည့်စုံစွာရရှိနိုင်ရေး၊ ရှိပြီးဖြစ်သည့် ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများ ပျက်စီးမှုမရှိစေရေးအတွက် စနစ်တကျထိန်းသိမ်းပြီး လိုအပ်ပါက မှန်များကာရံ၍ ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်သွားရန်နှင့် မပျောက်ပျက်အောင် အဆင့်ဆင့်လက်ဆင့်ကမ်း ထိန်းသိမ်းသွားနိုင်ရေး လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

❍ **ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၏ မြို့တော်ဖြစ်ပြီး လမ်းပန်းဆက်သွယ်မှု ဝေးကွာသည့်နေရာတစ်ခုလည်းဖြစ်၊ ကျိုင်းတုံဒေသတွင် ခရီးသွားများကို ဆွဲဆောင်နိုင်သော သာယာလှပသည့် သဘာဝပတ်ဝန်းကျင် ရေမြေတောတောင်များကို ပိုင်ဆိုင်ထားရှိပြီး ပန်ကွဲကျေးရွာရှိ ဗုဒ္ဓဥယျာဉ်၊ အသစ်ပြန်လည်တည်ဆောက်ထားသည့် ကျိုင်းတုံဟော်နန်းပုံစံတူပြတိုက်၊ နောင်တုံကန်၊ လွယ်မွေ အပန်းဖြေတောင်စခန်းမြို့နှင့် အခြားလည်ပတ်နိုင်သည့် နေရာများစွာရှိ**

အဆိုပါ ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ကျိုင်းတုံဟော်နန်းကြီးကို ၁၉၀၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ ပညာရှင်များခေါ်ဆောင်၍ စတင်ဆောက်လုပ်စေခဲ့ခြင်းဖြစ်ပြီး ၁၉၀၆ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ ဥရောပနှင့် အိန္ဒိယဟန်များ လွှမ်းမိုးထားပြီး ရှမ်းရိုးရာနှင့် မြန်မာဗိသုကာပုံစံတို့ကို ပေါင်းစပ်တည်ဆောက်ထားခြင်းဖြစ်ကာ ကျိုင်းတုံမြို့၏ ပထမဆုံးသော ဘိလပ်မြေအဆောက်အဦဖြစ်ကြောင်း၊ ဟော်နန်းကြီးတွင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၊ သားဖြစ်သူ စော်ဘွားစဝ်ကောင်တိုင်းနှင့် မြေးဖြစ်သူ စော်ဘွားစဝ်စိုင်းလုံတို့ မိသားစုများနေထိုင်ခဲ့ကြကြောင်း၊ ၁၉၅၉ ခုနှစ်အထိ စော်ဘွားမိသားစုများ နေထိုင်ခဲ့ကြပြီး ၁၉၆၂ ခုနှစ်တွင် ဟော်နန်းအား အစိုးရရုံးအဖြစ် အသုံးပြုခဲ့ကြောင်း၊

*စာမျက်နှာ ၅ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ကျိုင်းတုံလေဆိပ်အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကျိုင်းတုံလေဆိပ်အသစ် တည်ဆောက်မည့်နေရာနှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

၂၀၂၁ ခုနှစ်တွင် စော်ဘွားကြီး၏ ဆွေတော်မျိုးတော်များ၊ ဒေသခံမြို့မိမြို့ဖများ၏ တောင်းဆိုချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တိုင်းရင်းသားတို့၏ သမိုင်းဝင်အဆောက်အဦများ၊ ဘာသာရေးအဆောက်အဦများကို မူလပုံစံမပျက် ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းဖြင့် နိုင်ငံတော်၏ သမိုင်းအစဉ်အလာကြီးမားမှုကို ဖော်ပြနိုင်မည်ဖြစ်ကြောင်းနှင့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး တစ်လေတည်း ရှူနေကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအချင်းချင်း ခင်မင်ရင်းနှီးမှု၊ ယုံကြည်မှု၊ အေးချမ်းသာယာမှုနှင့် လူမှုစီးပွားတိုးတက်စေမှုတို့ကို များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သက်တော် ၉၉ နှစ်ရှိ သက်တော်ရှည် ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရ ထံ အလှူတော်ငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**သွားရောက်ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံလေဆိပ်အဆင့်မြှင့်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်နိုင်ဦးတို့က ကျိုင်းတုံလေဆိပ်သမိုင်းအကျဉ်းနှင့် လေဆိပ်ဆိုင်ရာများ၊ လေယာဉ်ပြေးလမ်းနှင့် လေဆိပ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ မြို့တော်ဖြစ်ပြီး လမ်းပန်းဆက်သွယ်မှုဝေးကွာသည့် နေရာတစ်ခုလည်းဖြစ်ကြောင်း၊ ကျိုင်းတုံဒေသတွင် ခရီးသွားများကို ဆွဲဆောင်နိုင်သော သာယာလှပသည့် သဘာဝပတ်ဝန်းကျင် ရေမြေတောတောင်များကို ပိုင်ဆိုင်ထားရှိပြီး ပန်ကွဲကျေးရွာရှိ ဗုဒ္ဓဥယျာဉ်၊ အသစ်ပြန်လည် တည်ဆောက်ထားသည့် ကျိုင်းတုံဟော်နန်း ပုံစံတူပြတိုက်၊ နောင်တုံကန်၊ လွယ်မွေအပန်းဖြေ တောင်စခန်းမြို့နှင့် အခြားလည်ပတ်နိုင်သည့် နေရာများစွာရှိကြောင်း၊ အလားတူ ကျိုင်းတုံမြို့တွင် SME လုပ်ငန်းများလည်း ရှိပြီး ထုတ်ကုန်များကို ထုတ်လုပ်လျက်ရှိကြောင်း၊ ကျိုင်းတုံလေယာဉ်ကွင်းအား အဆင့်မြှင်တင်ခြင်းသည် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ခြင်းပင်ဖြစ်ကြောင်း၊ ယခုအခါ ပြည်တွင်းခရီးစဉ်များ၌ ဝေးကွာသည့်နေရာများသို့ ဂျက်လေယာဉ်များကို အသုံးပြုလာပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အသုံးပြုလျက်ရှိသော ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည့်အထိ အဆင့်မြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင်လည်း လာအိုနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံများမှ ကျိုင်းတုံလေဆိပ်သို့ တိုက်ရိုက်ပျံသန်းဆင်းသက်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ကျိုင်းတုံမြို့ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ယခုကဲ့သို့အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လေဆိပ်အသစ်တည်ဆောက်ခြင်းနှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ရာတွင် စနစ်တကျဆောက်လုပ်ရန်လိုကြောင်း၊ မည်သည့်ရာသီဥတုတွင်မဆို လေယာဉ်များ ဆင်းသက်နိုင်ရန် လေယာဉ်ပြေးလမ်းအတွက် လိုအပ်သော အထောက်အကူပစ္စည်းများကို ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံလေဆိပ်အသစ် တည်ဆောက်မည့်နေရာနှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မေ ၁၀ ရက် ညနေပိုင်းကလည်း သက်တော် ၉၉ နှစ်ရှိ သက်တော်ရှည် ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ခေမာစာရအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေများကို မေးမြန်းလျှောက်ထားကာ နဝကမ္မ အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ခရီးစဉ်တွင် လိုက်ပါလာကြသည့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ဆရာတော်ကြီးအား နဝကမ္မ စုပေါင်းအလှူတော်ငွေများနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျိုင်းယင်းကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှု၍ ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည်များကို ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေတိဂုံလေးစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်

ပဲခူး မေ ၁၂

မေ ၁၂ ရက် နံနက်ပိုင်းက ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ရွှေတိဂုံလေး စေတီတော်မြတ်ကြီး အထွတ်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ ကျင်းပသည်။



ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ရွှေတိဂုံလေးစေတီတော်မြတ်ကြီး အထွတ်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ပဓာန နာယကဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသူရိယမဟာထေရ်မြတ်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်များက မေတ္တာသုတ် ပရိတ်တရားများ ရွတ်ပွားသရဇ္ဈာယ်တော်မူခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အလှူရှင်များက ဆရာတော်များထံ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** ထို့နောက် ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ တိပိဋကဓရ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ ဘဒ္ဒန္တ ဣန္ဒာစရ လင်္ကာရာဘိဝံသ ဆရာတော်ထံမှ အနုမောဒနာတရား နာယူခဲ့ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတမ်း ပေးဝေခဲ့ကြသည်။

**တင်လှူပူဇော်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော အလှူရှင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်များအား မင်္ဂလာဝေါယာဉ်ဖြင့် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကြပြီး စေတီတော်ကြီးအထွတ်သို့ မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ခဲ့ကြသည်။

ထို့နောက် ဆရာတော်ကြီးများက "ဇယန္တော ဗောဓိယာ မူလေ" အစချီသော ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများက ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ရွှေတိဂုံလေးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနမှ သောက်သုံးရေဂါလန် ၁၆၀၀ လှူဒါန်း

ဆင်ပေါင်ဝဲ မေ ၁၂

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီဌာနမှ သောက်သုံးရေဂါလန် ၁၆၀၀ ကို လယ်ကျိုးကျေးရွာရှိ ပြည်သူများအား ယမန်နေ့နံနက် ၈ နာရီက လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ထိုသို့ လှူဒါန်းရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေးနှင့် တပ်ဖွဲ့ဝင်များက လယ်ကျိုးကျေးရွာရှိ ပြည်သူများအား သောက်သုံးရေဂါလန် ၁၆၀၀ ကို သွားရောက်လှူဒါန်းခဲ့ပြီး ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် သောက်သုံးရေအခက်အခဲရှိသည့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ ဘုန်းတော်ကြီးကျောင်းများကို သောက်သုံးရေများ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံ

# ဒေသတွင်းအောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးသီးနှံများကို ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုး၍ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်

**နေပြည်တော် မေ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများအား ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တင်ပြဆွေးနွေး

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်ဆိုင်ရာ အချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှုနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် ပို့ကုန်များ တင်ပို့နိုင်မှု၊ ဒေသတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး

- ❖ **ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ ရောင်းဝယ်မှုများမရှိစေရေး တားဆီးဆောင်ရွက်ကြရမည်**
- ❖ **အလားတူ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကိုလည်း မိမိတို့အနေဖြင့် ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသခံများအနေဖြင့်လည်း ဝိုင်းဝန်းတိုက်ဖျက် ဆောင်ရွက်ကြရမည်**

တို့အပါအဝင် ကဏ္ဍအသီးသီး၌ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျိုင်းတုံဒေသသို့ လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းပြေးဆွဲပေးစေလိုမှု၊ ကျိုင်းတုံဒေသတွင် အစိုးရနည်းပညာအထက်တန်းကျောင်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ လေကြောင်းလိုင်းများ ပြေးဆွဲလျက်ရှိမှုနှင့် လိုအပ်ချက်အပေါ်မူတည်၍ ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေး ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှုနှင့် ပတ်သက်၍ စိစစ်တွက်ချက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

### တရားဥပဒေစိုးမိုးရေးနှင့် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်မှုမရှိစေရေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် ယခင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နာမည်ထွက်ပေါ်ခဲ့ကြောင်း၊ မိမိတို့ဒေသအတွင်း မူးယစ်ဆေးဝါးအပါအဝင် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ နှစ်ပေါင်းများစွာ တိုက်ဖျက်တားဆီးခဲ့ကြပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းနှင့် နယ်မြေဒေသ မတည်မငြိမ်မှုများကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုများနှင့် ရောင်းဝယ်မှုများသည် အမြစ်ပြတ်ပပျောက်မှုမရှိခဲ့ကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ ရောင်းဝယ်မှုများမရှိစေရေး တားဆီးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကိုလည်း မိမိတို့အနေဖြင့် ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသခံများအနေဖြင့်လည်း ဝိုင်းဝန်းတိုက်ဖျက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ဒေသထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး

စီးပွားရေးနှင့်ပတ်သက်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အနေဖြင့် ထုတ်ကုန်ပစ္စည်းများ ရရှိစေရေး မိမိအနေဖြင့် တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများ ရရှိအောင်ဆောင်ရွက်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက ဒေသဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးသီးနှံများကို ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုး၍ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောင်ရေနှင့် သွင်းအားစုများ ပြည့်မီစွာရရှိရေးအတွက်လည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

### လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာဖြင့် ဆောင်ရွက်ခြင်းထက် ခေတ်နှင့်လျော်ညီသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာ ကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများလိုအပ်သဖြင့် ပညာရေး အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ကျိုင်းတုံဒေသတွင် အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) သည် ပညာရေးနှင့်ပတ်သက်၍ အားနည်းသည့် ဒေသတစ်ခုဖြစ်ပြီး ယခင်ကတည်းကပင်

*စာမျက်နှာ ၇ သို့*

## “ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့်တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးကဝိုင်းဝန်းဆောင်ရွက် ”

*စာမျက်နှာ ၆ မှ*

အားပေးဆောင်ရွက်နေရသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ပညာရေးကို အလေးထားသင်ယူကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိဘများမှလည်း ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုပညာကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူသွားနိုင်ရေး သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ကျန်းမာရေး၊ အိုင်တီ၊ အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ကျောင်းမှသင်ကြားပေးသည့် ပညာရပ်များသာမက အခြားအသိပညာဗဟုသုတများ ရရှိစေရေးအတွက်လည်း စာကောင်းပေမွန်များ ဖတ်မှတ်လေ့လာကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများနှင့် စာကြည့်တိုက်များ တိုးချဲ့ပေးနိုင်ရေး၊ စာအုပ်စာစောင်များရရှိရေး၊ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

### ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျိုင်းတုံလေဆိပ်နှင့် တာချီလိတ်လေဆိပ်တို့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အိမ်နီးနားချင်းနိုင်ငံများမှ လေကြောင်းခရီးစဉ်ဖြင့် ပြည်ပခရီးသွားများ ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသသည် ခရီးသွားလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် ရေမြေတောတောင်သဘာဝနှင့် ရှေးဟောင်းအမွေအနှစ်များစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ဒေသသို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ လာရောက်ခြင်းဖြင့် ဒေသတွင်း ငွေကြေးလည်ပတ်မှုကို ပိုမိုဖြစ်ပေါ်စေမည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဒေသသာယာလှပရေး၊ တည်းခိုရန်နေရာများ၊ စားသောက်ဖွယ်ရာများ၊ ဒေသထွက်အစားအသောက်များကို အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး ဒေသတွင်နေထိုင်ကြသည့် ဒေသခံများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ရှိ မြို့မိ၊ မြို့ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ရှိ မြို့မိ၊ မြို့ဖများအား စားသောက်ဖွယ်ရာများကို တစ်ဦးချင်းပေးအပ်စဉ်။

### တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက်မည်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန်မဖြစ်မနေလိုအပ်မည်ဖြစ်သဖြင့် ဒေသခံများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကျိုင်းတုံမြို့ရှိ မြို့မိ၊ မြို့ဖများအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံဧည့်ရိပ်သာ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် မြို့မိမြို့ဖများအား မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် စားသောက်ဖွယ်ရာများကို တစ်ဦးချင်းပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## ရွှေတောင်မြို့၌ စာပေချစ်သူများအသင်း၏ မုဒိတာစာဖတ်ဝိုင်း (၅) နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပ



**ရွှေတောင် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်သူများအသင်း Book Club တို့ ပူးပေါင်းဆောင်ရွက်သော “မုဒိတာ” စာဖတ်ဝိုင်း၏ (၅) နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားကို မေ ၁၁ ရက် နံနက်ပိုင်းက ရွှေတောင်မြို့နယ်ခန်းမ၌ ကျင်းပသည်။ (ဓါတ်ပုံ)

အခမ်းအနားတွင် ရွှေတောင်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်/ဆက် ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ရွှေဝါဖူးနှင့် စာပေချစ်သူများအသင်း (Book Club) ဥက္ကဋ္ဌ ဒေါ်ခင်ယုနိုင်၊ စာရေးဆရာမ အေပရယ်ယုနိုင်–ရွှေတောင်တို့က အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။ ဆက်လက်၍ အလှူရှင် ဦးရဲလွင်မိုး M–Change နှင့် ပြည်မြို့နယ်နှင့် ပေါင်းတည်မြို့နယ်မှ ဆုံစည်းရာစာဖတ်ဝိုင်းနှင့် သုခုမသစ္စာကဗျာဝိုင်းတို့မှ တာဝန်ရှိသူများ အမှတ်တရ မုဒိတာစကားများ ပြောကြားကြသည်။

ထို့နောက် အလှူရှင်များကို စာပေချစ်သူများအသင်း (Book Club) ဥက္ကဋ္ဌ ဒေါ်ခင်ယုနိုင်နှင့် မြို့နယ်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး မုဒိတာစာဖတ်ဝိုင်း (၅) နှစ်ပြည့်အထိမ်းအမှတ် ကဗျာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံရှိ အထင်ကရဘုရားများသာမက ထူးခြားသည့်ဒေသဆိုင်ရာ စေတီပုထိုးများအား Pagoda Digital Directory အဖြစ် Website တွင် ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်



**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် (Pagoda Digital Directory) များ တပ်ဆင်မည့်အခြေအနေ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် ဆရာ ဆရာမများ၊ ဘုရားစေတီအသီးသီးမှ ဂေါပကအဖွဲ့ဝင်များ၊ သာသနာ့နုဂ္ဂဟဘွဲ့ရ ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများတွင် Pagoda Digital Directory ပြုလုပ်၍ အများပြည်သူများ ကြည်ညိုလေ့လာနိုင်ရေးအတွက် ပြသထားရှိရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အဆိုပါ လမ်းညွှန်မှာကြားချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပထမအဆင့်အနေဖြင့် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်၊ ကျိုက်ထိုမြို့ ကျိုက်ထီးရိုးစေတီတော်၊ ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်နှင့် ပုဂံအာနန္ဒာဘုရား၊ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၊ မကွေးမြို့ မြသလွန်ဘုရား၊ ပြည်မြို့ ရွှေဆံတော်ဘုရားနှင့် မြောက်ဦးမြို့ သျှစ်သောင်းဘုရားကိုးဆူကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မေတ္တာရပ်ခံချက်အရ ပဲခူးမြို့ ရွှေမော်ဓောဘုရားပါ ထပ်မံထည့်သွင်းဆောင်ရွက်ခဲ့ပြီး စုစုပေါင်း အထင်ကရဘုရား ၁၀ ဆူတို့အား Pagoda Digital Directory အဖြစ် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဘုရား ၁၀ ဆူနှင့် ပတ်သက်၍ လေ့လာကြည့်ရှုနိုင်အောင် Online နှင့် Offline ပါ ဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံရှိ အထင်ကရဘုရားများသာမက ထူးခြားသည့် ဒေသဆိုင်ရာ စေတီပုထိုးများအား Pagoda Digital Directory အဖြစ် Website တွင် ပြသနိုင်ရေးအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (ပြည်၊ မကွေး၊ တောင်ငူ၊ သထုံ) တို့ ပူးပေါင်း၍ Pagoda Digital Directory Web Portal လွှင့်တင်နိုင်ရေး စတင်စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း။ Portal ရေးဆွဲပြီးပါက ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သို့ လွှဲပြောင်းပေးအပ်မည် ဖြစ်ပါကြောင်း၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က Web Portal နှင့်ပတ်သက်၍ နှစ်စဉ်ကြေးများအပါအဝင် ကုန်ကျစရိတ်အားလုံးကို နှစ်ရှည်ကျခံပေးသွားမည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုရှိ ထင်ရှားသော ဘုရားစေတီပုထိုးများကိုလည်းကောင်း၊ တတိယအဆင့်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သမိုင်းဝင်ထင်ရှားသော ဘုရားများအတွက်ပါ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တန်ခိုးကြီးဘုရားစေတီများဖြစ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ ရွှေစည်းခုံစေတီတော်၊ အာနန္ဒာဘုရား၊ ကျိုက်ထီးရိုးစေတီတော်၊ ရွှေမော်ဓောဘုရား၊ သျှစ်သောင်းဘုရား၊ ရွှေဆံတော်ဘုရား၊ ဥပ္ပါတသန္တိစေတီတော်၊ မြသလွန်ဘုရားတို့အား တစ်ဆူချင်းစီအလိုက် internet စာမျက်နှာတွင် ကြည့်ရှုနိုင်ပြီဖြစ်၍ ဘုရားအားလုံးကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ကြည့်ရှုရန်အတွက် Pagoda Digital Directory Portal (www.pagodadirectory.gov.mm) ကို အင်တာနက်စာမျက်နှာထက်တွင် လွှင့်တင်ထားရှိပြီးဖြစ်ပါကြောင်း၊ ထပ်မံဖြည့်သွင်း ဆောင်ရွက်လိုသည့် ဘုရားများကိုလည်း တစ်ဆင့်ချင်း ထပ်မံထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဂေါပကအဖွဲ့များအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးလှမြင့်က ဘုရားစေတီများတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် (Pagoda Digital Directory)များ တပ်ဆင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြကာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နိဂုံးချုပ်စကားပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့် အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၂**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်သည် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး) သို့ ရောက်ရှိစစ်ဆေးသည်။ **(အောက်ပုံ)**

ထိုသို့စစ်ဆေးစဉ် သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သင်တန်းကျောင်း၌ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများ၊ မော်တော်ယာဉ်များကို ပြုပြင်ထိန်းသိမ်းမည့် အချိန်ဇယားရေးဆွဲ၍ စဉ်ဆက်မပြတ် စစ်ဆေးပြုပြင်ရန်၊ သင်တန်းကျောင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများတွင် ပါဝင်သည့် စက်ပစ္စည်းအားလုံး၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် စက်ကိုင်တွယ် ထိန်းသိမ်းမောင်းနှင်မှု



လမ်းညွှန်တို့နှင့် ပတ်သက်သည့် စာရွက်စာတမ်းများ စနစ်တကျလွှဲပြောင်း လက်ခံရယူသွားရန်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကျိုးကျန်းကောလိပ်မှ နည်းပြဆရာ/ဆရာမများသည် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် အမှတ် (၂) စက်မှုသင်တန်းကျောင်းသို့ လာရောက်၍ နည်းပညာဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်၍ အခြားစက်မှုသင်တန်းကျောင်းများမှ နည်းပြဆရာ/ ဆရာမများ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ထားရန်၊ မော်တော်ယာဉ်နှင့် လယ်ယာသုံးထွန်စက် ပြုပြင်ထိန်းသိမ်းရေး ဘာသာရပ်အတွက် လိုအပ်သော သင်ကြားရေး အထောက်အကူပြုပစ္စည်းများကို အမှတ်(၁) အကြီးစား စက်မှုလုပ်ငန်းမှ ရယူနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊ မီးငြိမ်းသတ်ရေးစနစ်အား အသုံးချနိုင်ရေးအတွက် လက်တွေ့စမ်းသပ်မောင်းနှင်နိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းကျောင်း စာကြည့်တိုက်၊ သင်တန်းကျောင်း၏ မှတ်တမ်း ထိန်းသိမ်းထားရှိမှု၊ အထည်ချုပ်သင်တန်း ဖွင့်လှစ်မည့် သင်တန်းခန်းမ၊ သင်တန်းကျောင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အလုပ်ရုံများရှိ စက်ပစ္စည်းများ တပ်ဆင်ထားမှု အခြေအနေများနှင့် သင်ကြားရေးသုံး မော်တော်ယာဉ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**တင်ပြချက်များ ဆောင်ရွက်ပေး**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်းများ၊ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ရှိ နည်းပြ ဆရာ/ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်တွင်း စားသုံးဆီဖူလုံရေးနှင့် ဝတ်ဆင်ရေးအတွက် ဝါမှဝါဂွမ်း၊ ချည်များ ထုတ်လုပ်နိုင်ရန်ကြိုးစားဆောင်ရွက်လျက်ရှိသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လိုအပ်ချက်များ၊ အခက်အခဲများကိုလည်း သိရှိအောင်ဆောင်ရွက်၍ ဝိုင်းဝန်းကူညီပံ့ပိုးပေးရန်၊ စက်မှုကဏ္ဍအတွက် လိုအပ်သော ကျွမ်းကျင်လုပ်သားများကို ပိုမိုမွေးထုတ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်နှင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ဝင်ရောက်လုပ်ကိုင်နိုင်သည့် အဆင့်အထိရောက်အောင် လေ့ကျင့်သင်ကြားပေးရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၁၃ ရက်မှ မေ ၁၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် ဆေးကုသရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ရှိ ဆေးပညာကျွမ်းကျင်မှု ပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသနဌာန (MEDICAL SKILLS, SIMULATION AND RESEARCH CENTER) တွင် ကျင်းပနေသေည့် အခြေခံအရိုးရောဂါ ခွဲစိတ်ကုပညာကျွမ်းကျင်မှုသင်တန်း (BASIC ORTHO-PAEDIC SURGICAL SKILLS COURSE) အရိုးရောဂါ ခွဲစိတ်ကုသမှု လက်တွေ့ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးအားပေးပြီး သင်တန်းပို့ချလျက်ရှိသော အရိုးရောဂါပညာဌာနမှ ဆရာများနှင့် သင်တန်းတက်ရောက်လျက်ရှိသည့် ဆေးပညာမဟာသိပ္ပံ ကျောင်းသားကျောင်းသူများကို တရင်းတနှီးတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးတက္ကသိုလ်(၁) ရန်ကုန် သင်တန်းသား သင်တန်းသူများ အဆောင်ထားရှိရန် အဆောက်အဦကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ ထို့မှတစ်ဆင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနဝင်းအတွင်းရှိ ဆေးတက္ကသိုလ်(၁) ရန်ကုန် RC ငါးထပ် သင်တန်းသား သင်တန်းသူများအဆောင် ဆောက်လုပ်မှုလုပ်ငန်းခွင်နှင့် ကျောင်းသား ကျောင်းသူအဆောင် ဆောက်လုပ်မည့်မြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အရိုးနှင့် ထိခိုက်ဒဏ်ရာကုဌာန၊ ဆေးကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ ဓာတ်ရောင်ခြည်ဆေးကုဌာနများတွင် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လူနာများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ဆောင်သစ်ကြီးတွင် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လူနာများ စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရေး၊ ဆေးဝါးများ ပြတ်လပ်မှုမရှိစေရေး၊ အဆောက်အဦ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ စနစ်တကျစီမံ ဆောင်ရွက်ထားရှိရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပျဉ်းမနားမြို့နယ်အရှေ့ခြမ်း တောင်ပေါ်ဒေသရှိ ကျေးရွာများသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၁၂**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုး၊ နေပြည်တော် ကောင်စီ အတွင်းရေးမှူး၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် အရှေ့ခြမ်း တောင်ပေါ်ဒေသရှိ မဲပေါက်ကျေးရွာအုပ်စု ဂမုန်းတောင်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် နေပြည်တော် ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်ကို Green City, Clean City, Smart City အဖြစ် ဆောင်ရွက်လျက်ရှိရာ အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြ စေလိုကြောင်း၊ ကျောင်းအပ်နှံရေး အတွက် ကျောင်းနေအရွယ် ကလေးများ အားလုံး ကျောင်းအပ်နှံနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရသဖြင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်း ပြည့်ဝစွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်အောင် စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စည်းစည်းလုံးလုံးညီညီ ညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသခံ တိုင်းရင်းသားပြည်သူများ အနေဖြင့် မိမိတို့ကျေးရွာများအတွင်း ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒူးရင်း၊ ကော်ဖီ၊ ကြက်မောက် ပျိုးပင်များ၊ စပါး၊ ပြောင်း၊ နေကြာ၊ နှမ်းမျိုးစေ့များ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ စားသောက်ကုန်ပစ္စည်းများနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ထောက်ပံ့ပေးအပ်ကြရာ ကျေးရွာပြည်သူများက လက်ခံရယူကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဂမုန်းတောင်ကျေးရွာရှိ ရတနာစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွက် ငွေ ပဒေသာပင်နှင့် စာအုပ်များ ပေးအပ်လှူဒါန်း၍ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်၍ လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် အထက်ပေါင်းလောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ သွားရောက်ပြီး စက်ရုံအတွင်း ဓာတ်အား ထုတ်လုပ်နေမှုနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာချုပ်၊ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း ဓာတ်အားထုတ်လုပ်မှုနှင့် ရေဝင်ရောက်မှုအခြေအနေ၊ ဓာတ်အားဖြန့်ဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌက တမံကြံ့ခိုင်ရေး၊ ရေရှည်ခိုင်ခန့်စေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဂရုပြု ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားကာ ဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများ ပေးအပ်သည်။

ထို့မှတစ်ဆင့် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပြည်ထောင်ကိုး ကျေးရွာအုပ်စု ပြဒါးချောင်းကျေးရွာသို့ သွားရောက်၍ ရွာဦးဘုန်းတော်ကြီးကျောင်းဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရွာဦး ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြောကြားကာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒူးရင်း၊ ကော်ဖီ၊ ကြက်မောက် စသည့် ပျိုးပင်များ၊ စပါး၊ ပြောင်း၊ နေကြာ၊ နှမ်းမျိုးစေ့များ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ စားသောက်ကုန်ပစ္စည်းများနှင့် ကျေးရွာစာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များကို ထောက်ပံ့ပေးအပ်ကြရာ ကျေးရွာပြည်သူများက လက်ခံရယူကြသည်။

ထို့နောက် ဌာနဆိုင်ရာများက စပါးအပါအဝင် သီးနှံများ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ မြင့်မားရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နေပြည်တော်ကုသရေးဦးစီးဌာနက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ဖောင်းကအိုင့်ကျေးရွာရှိ အိမ်ခြေ ၁၆၆ အိမ်၊ လူဦးရေ ၆၃၁ ဦးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းကျော်ဟိန်းနှင့် တပ်ဖွဲ့ဝင်များက မေ ၁၁ ရက်တွင် ရေဂါလန် ၁၆၀၀ ကို လှူဒါန်းစဉ်။

ဇော်ထက် (သရက်)



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အမှတ်(၁၃) ရပ်ကွက်ရှိ ရတနာစန်းကျောင်း ပရိယတ္တိစာသင်တိုက်သို့ မြို့နယ်မီးသတ်ဦးစီးမှူးဦးနောင်နောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက သောက်သုံးရေ ရေဂါလံ ၁၂၀၀ ကို မေ ၁၂ ရက်တွင် သွားရောက်လှူဒါန်းစဉ်။ မြို့နယ် (ပြန်/ဆက်)



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၃ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု


မောင်တည်ကြည်


*(ယမန်နေ့မှအဆက်)*

**တားဆီးကာကွယ်ခြင်းကဏ္ဍ**

တားဆီးကာကွယ်ခြင်းကဏ္ဍတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)များကို ၂၀၁၉ ခုနှစ်မှစ၍ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၄ ခုတွင် ရှေ့ပြေးအဖြစ် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အထိ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၇ ခုတွင်သာမက တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုတွင်ပါ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သောကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများအား ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် ပြည်သူလူထုအား သတင်းပို့ တိုင်ကြားနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့မှုများမှာ–




ဖွဲ့စည်းထားသော အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၃ ခုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ တစ်ခု၌ ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။

**စုံစမ်းစစ်ဆေးအရေးယူခြင်းကဏ္ဍ**


ဥပဒေမူဘောင်ခိုင်မာရေးအတွက် ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအား ပြန်လည်သုံးသပ်ရေးအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ပြီး ပြန်လည်သုံးသပ်ရေးအဖွဲ့၏ သုံးသပ်ချက်အစီရင်ခံစာကို ၈–၁၂–၂၀၂၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့ကြောင်းနှင့် ဥပဒေပြင်ဆင်သည့်ကိစ္စရပ်များပြီးမြောက်ပါက ဥပဒေပြင်ဆင်ချက်များနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေအသစ် ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် ရေးဆွဲထားသည့် အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူများ အကာအကွယ်ပေးရေးဥပဒေ(မူကြမ်း)အား သုံးသပ်စိစစ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

- ❑ **ကော်မရှင်စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်မှ ယခုအချိန်အထိ တိုင်ကြားစာပေါင်း ၃၆၃၀၅ စောင်ရရှိခဲ့ပြီး အရေးယူဆောင်ရွက်ပေးနိုင်သည့် တိုင်ကြားစာ ၂၀၄၆၃ စောင်အပေါ် စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူခဲ့ရာမှ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဝန်ထမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဝန်ထမ်း ၂၆၈၄ ဦးဖြစ်ပြီး အဂတိလိုက်စားမှု ကျူးလွန်သူ ၃၀၂ ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆို အရေးယူဆောင်ရွက်နိုင်ခဲ့**
- ● **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆို အရေးယူဆောင်ရွက်ခဲ့သည့် ၃၀၂ ဦးမှာ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူ ၆၅ ဦး၊ အဆင့်မြင့်အရာရှိ ၂၁ ဦး၊ အရာထမ်း ၈၀၊ အမှုထမ်း ၈၄ ဦး၊ ပြည်သူ့ဝန်ထမ်း ၁၈ ဦးနှင့် အခြားပုဂ္ဂိုလ် ၃၄ ဦးတို့ ပါဝင်**

စုံစမ်းစစ်ဆေးအရေးယူခြင်းကဏ္ဍအနေနဲ့ ကော်မရှင်သို့ ပေးပို့လာသည့် တိုင်ကြားစာများအပေါ် စိစစ်သုံးသပ်ပြီး ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ စိစစ်ဆောင်ရွက်ရမည့်ကိစ္စရပ်များ ဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပို့ခြင်း၊ ကော်မရှင်မှ အရေးယူရန်ရှိပါက စုံစမ်းစစ်ဆေး တရားစွဲတင်ဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်ခြင်းမရှိသည့် တိုင်ကြားစာများ၊ သက်သေအထောက်အထား ခိုင်လုံမှုမရှိသည့် တိုင်ကြားစာများကို ကျိုးကြောင်းဖော်ပြပြီး တိုင်ကြားသူထံသို့ အကြောင်းပြန်ကြားခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် ကော်မရှင်ရုံး နေပြည်တော်သို့ တိုင်ကြားစာ ၁၁၂၈ စောင်၊ ကော်မရှင်ရုံးခွဲ (ရန်ကုန်)သို့ တိုင်ကြားစာ ၂၆ စောင်၊ ကော်မရှင်ရုံးခွဲ(မန္တလေး)သို့ တိုင်ကြားစာ ၃၈ စောင်၊ ကော်မရှင်ရုံးခွဲ(တောင်ကြီး)သို့ တိုင်ကြားစာ ၁၁ စောင်၊ ကော်မရှင်ရုံးခွဲ(မော်လမြိုင်)သို့ တိုင်ကြားစာ ၁၄ စောင် အပါအဝင် တိုင်ကြားစာ စုစုပေါင်း ၁၂၁၇ စောင် လက်ခံရရှိပါသည်။

၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ နှစ်အလိုက် တိုင်ကြားစာများ လက်ခံရရှိမှုမှာ –




၂၀၂၃ ခုနှစ်တွင် ကော်မရှင်မှ လက်ခံရရှိသည့် တိုင်ကြားစာများ၏ အခြေအနေအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

| စဉ် | တိုင်ကြားစာလက်ခံရရှိမှု | စောင်ရေ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့က လွှဲပြောင်းပေးပို့ခြင်း | ၄ |
| ၂ | ကော်မရှင်ထံလိပ်မူ၍ တိုင်ကြားခြင်း | ၉၈၆ |
| ၃ | တိုင်ကြားစာ မိတ္တူပေးပို့ခြင်း | ၂၀၂ |
| ၄ | ပစ်စာ | ၂၅ |
| | **စုစုပေါင်း** | ၁၂၁၇ |

၂၀၂၃ ခုနှစ်တွင် လက်ခံရရှိသည့် တိုင်ကြားစာများအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေကို ဖော်ပြအပ်ပါသည်–

| စဉ် | အကြောင်းအရာ | အရေအတွက် | |
|---|---|---|---|
| | | စောင်ရေ | ရာခိုင်နှုန်း |
| ၁ | အရေးယူဆောင်ရွက်ပေးနိုင်သည့် တိုင်ကြားစာ | ၇၃၆ | ၆၀ % |
| ၂ | အရေးယူဆောင်ရွက်မပေးနိုင်သည့် တိုင်ကြားစာ (ဥပဒေနှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိသည့် တိုင်ကြားစာ၊ မိတ္တူပေးစာ၊ အထောက်အထားမဲ့ပစ်စာ၊ ရုပ်သိမ်းစာ) | ၄၃၉ | ၃၆ % |
| ၃ | စိစစ်ဆောင်ရွက်ဆဲတိုင်ကြားစာ | ၄၂ | ၄ % |
| | **လက်ခံရရှိသည့် တိုင်ကြားစာပေါင်း** | ၁၂၁၇ | |

အရေးယူဆောင်ရွက်ပေးနိုင်သည့် တိုင်ကြားစာ ၇၃၆ စောင်နှင့်ပတ်သက်၍ ကော်မရှင်မှ စုံစမ်းစစ်ဆေးသည့် တိုင်ကြားစာ ၆ စောင်၊ ကြိုတင်ထောက်လှမ်းစုံစမ်းသည့် တိုင်ကြားစာ ၁၇ စောင်၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ အရေးယူ ဆောင်ရွက်ရန် လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ ၃၄၅ စောင်နှင့် တိုင်ကြားသူတစ်ဦးချင်းထံသို့ တိုင်ကြားစာပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ ဆောင်ရွက်သင့်သည်များကို ဖော်ပြအကြံပြုချက်များဖြင့် ပြန်ကြားပေးသည့် တိုင်ကြားစာ ၃၆၈ စောင် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**စုံစမ်းစစ်ဆေးတရားစွဲတင်ပို့မှုနှင့် လွှဲပြောင်းပေးပို့မှု**

၂၀၂၃ ခုနှစ်တွင် တိုင်ကြားစာ ၆ စောင်အား စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ပြီး လူပုဂ္ဂိုလ် ၁၄ ဦးအား ရာဇဝတ်ကြီးမှု ၁၄ မှု၊ ရာဇဝတ်အထွေထွေမှု ၅ မှုတို့ဖြင့်

*စာမျက်နှာ ၁၁ သို့*

# ကျုံ့အိတ်တံတားပျက်စီးမှုကြောင့် ခရီးလမ်းပန်း ပြတ်တောက်မှုမရှိစေရေး စီမံဆောင်ရွက်

**မော်လမြိုင် မေ ၁၂**

ကျုံ့အိတ်တံတားပျက်စီးမှုများကြောင့် ခရီးလမ်းပန်း ပြတ်တောက်မှုမရှိစေရန် ပြည်သူများ အသုံးပြုနိုင်မည့် ယာယီလမ်းလွှဲနှင့် မူလပျက်စီးသွားသော တံတားနေရာကို ဘေလီတံတားအသစ်အမြန်ဆုံး တည်ဆောက်သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ကျုံ့အိတ်တံတားပျက်စီးမှုများ သွားရောက်စစ်ဆေးစဉ် ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ကျုံ့အိတ်တံတားကမ်းကပ်ခုံ ၁၀၀ရာခိုင်နှုန်း ပြိုကျပျက်စီးခဲ့မှုကြောင့် ပြည်သူများနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေကို အမြန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဒေသတွင်း ကုန်စည်စီးဆင်းမှု ရပ်တန့်မှုမရှိစေရေး၊ အများပြည်သူ ခရီးသွားလာမှု နှောင့်နှေးမှုမရှိစေရေးအတွက် အမြန်ဆုံးပြင်ဆင် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီတို့မှ တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်း ကုန်စည်စီးဆင်းမှုရပ်တန့်စေရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် ရည်ရွယ်၍ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့သည် မေ ၁၁ ရက် နံနက်ပိုင်းက အများပြည်သူ



အားထားအသုံးပြုလျက်ရှိသည့် ကျုံ့အိတ်တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ကျုံ့အိတ်တံတားသည် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ အရှည် ၉၅ ပေ အကျယ် ၄၁ ပေ ခံနိုင်ဝန် တန် ၆၀ ရှိ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ပြည်သူများ၏ နေ့စဉ် လူမှုစီးပွားအတွက် အရေးပါသည့် တံတားတစ်စင်းဖြစ်သည်။

**သက်နိုင် (မော်လမြိုင်)**

# ရခိုင်ပြည်နယ်အတွက် ပို့ဆောင်သည့် အခြေခံစားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ စစ်တွေဆိပ်ကမ်းသို့ ရောက်ရှိ



**စစ်တွေ မေ ၁၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို သင်္ဘောများဖြင့် ပို့ဆောင်ပေးသည့် ရန်ကုန်မြို့မှ လူသုံးကုန်ပစ္စည်းများနှင့် တည်ဆောက်ရေးပစ္စည်းများ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိလာမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်ပြီး MV CHARITES သင်္ဘောဖြင့် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသုံးဆီ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ ထင်းအစားထိုးလောင်စာများ စသည့် စုစုပေါင်း ကုန်ချိန် ၁၅၁၄ ဒသမ ၄၃ တန် အတင်အချ ပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရောက်ရှိလာသော ကုန်ပစ္စည်းများကို စနစ်တကျ အတင်အချ ပြုလုပ်နိုင်ရေး၊ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ သိုလှောင်ထိန်းသိမ်းရောင်းချခြင်း မပြုစေရေး၊ လိုအပ်မှုမရှိသော နေရာများသို့မရောက်ရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)၊ ဓာတ်ပုံ- ဝင်းမင်းစိုး**

# ကန့်ဘလူခရိုင် လူထုအခြေပြုဇဟိုဌာနၶွဲ အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်

**ကန့်ဘလူ မေ ၁၂**

နွေရာသီအားလပ်ရက် ကျောင်းသားလူငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးပြုတတ်စေရန်နှင့်ကျောင်းစာတွင် အထောက်အကူပြုရန် ရည်ရွယ်၍ ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာနတွင် အခြေခံအင်္ဂလိပ်စာ Grammar သင်တန်းကို မေ ၆ ရက်ကစ၍ တစ်လကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မြို့ပေါ်ရပ်ကွက်များရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၀ တက်ရောက်လျက်ရှိပြီး ဌာနအနေဖြင့် ကျောင်းသားလူငယ်များ သင်ကြားတတ်မြောက်ထားသင့်သည့် အသိပညာပေးသင်တန်းများကိုလည်း ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

*စာမျက်နှာ ၁၀ မှ*

သက်ဆိုင်ရာ တိုင်းဒေသကြီးတရားလွှတ်တော်တို့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲတင်ပို့ခဲ့ပြီး ဝန်ထမ်း ၆ ဦးတို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၀(ခ)အရ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူနိုင်ရေး သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးပို့ အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆(ဍ)အရ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာများအပေါ် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ ဝန်ထမ်း ၁၀၉ ဦး အား ဝန်ထမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်ခဲ့ပါသည်။

ကော်မရှင် စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်မှ ယခုအချိန်အထိ တိုင်ကြားစာပေါင်း ၃၆၃၀၅ စောင်ရရှိခဲ့ပြီး အရေးယူဆောင်ရွက်ပေးနိုင်သည့် တိုင်ကြားစာ ၂၀၄၆၃ စောင်အပေါ် စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူခဲ့ရာမှ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဝန်ထမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဝန်ထမ်း ၂၆၈၄ ဦးဖြစ်ပြီး အဂတိလိုက်စားမှု ကျူးလွန်သူ ၃၀၂ ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆို အရေးယူဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆို အရေးယူဆောင်ရွက်ခဲ့သည့် ၃၀၂ ဦးမှာ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူ ၆၅ ဦး၊ အဆင့်မြင့်အရာရှိ ၂၁ ဦး၊ အရာထမ်း ၈၀၊ အမှုထမ်း ၈၄ ဦး၊ ပြည်သူ့ဝန်ထမ်း ၁၈ ဦးနှင့် အခြားပုဂ္ဂိုလ် ၃၄ ဦးတို့ ပါဝင်ခဲ့ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေနဲ့ စုံစမ်းစစ်ဆေးတရားစွဲတင် ဆောင်ရွက်ခဲ့သည့် အမှုများမှ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှုနှင့် နိုင်ငံ့ဘဏ္ဍာသို့ ပြန်လည်ပေးသွင်းနိုင်မှုမှာ မြန်မာငွေကျပ် ၂၃ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ ၄ သန်းကျော်တို့ ဖြစ်ပါတယ်။ နိုင်ငံတော်ဘဏ္ဍာ ဆုံးရှုံးမှုမရှိစေရေး ကာကွယ်နိုင်ခဲ့မှုမှာ မြန်မာငွေကျပ် ၁၅၅ ဒသမ ၈၅၅ ဘီလီယံကျော်နှင့် ယူရို ၃ သန်းကျော်တို့အပြင် နိုင်ငံတော်က ရရန်ရှိသည့် ငွေကြေးများ၊ အခွန်အခများကိုလည်း သက်ဆိုင်ရာကုမ္ပဏီများက ပြန်လည်ပေးသွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း**

ကော်မရှင်အနေဖြင့် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် နယ်ပယ်များတွင် သတင်းအချက်အလက်ဖလှယ်ခြင်း၊ အတွေ့အကြုံများနှင့် ကောင်းမွန်သည့် အလေ့အကျင့်များမျှဝေခြင်းနှင့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် အတွက် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ ASEAN – Parties Against Corruption (ASEAN–PAC)သို့ ၂၀၁၃ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ ထို့ပြင် ဒေသတွင်းနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကိုရီးယား၊ အိန္ဒိယ၊ ကမ္ဘောဒီးယားရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများနှင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့် လည်းကောင်း နားလည်မှု စာချွန်လွှာ MoU ရေးထိုး၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာကို ၂၉-၆-၂၀၂၃ ရက်နေ့တွင် လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်ပြီး လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် ASEAN–PAC အဖွဲ့ဝင်နိုင်ငံများနှင့်လည်း လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးက ကြီးမှူးကျင်းပသည့် "Together Against Corruption" လူမှုကြော်ငြာပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ရန်ကုန်မြို့၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံရုံး၏ ဖိတ်ကြားမှုအရ ကော်မရှင်သည် “အဂတိလိုက်စားမှု တိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့” ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာနှင့်ဗီဒီယိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းမှ အသက် ၁၄ နှစ်မှ ၃၅ နှစ်ကြား လူငယ်ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် လူငယ်များ ပိုမိုပါဝင်လာစေရန်နှင့် လူငယ်များ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်နိုင်စေရန် ရည်ရွယ်၍ စာစီစာကုံးပြိုင်ပွဲကို ပြည်တွင်းပြိုင်ပွဲတစ်ခုအဖြစ် ထည့်သွင်းကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုပြိုင်ပွဲတို့နှင့် တစ်ပြိုင်တည်း ကျင်းပခဲ့ပါသည်။

အဆိုပါ ပြိုင်ပွဲများအလိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များအနက် အကောင်းဆုံး ပြိုင်ပွဲဝင် ၁၀ ဦးစီကို အတည်ပြုရွေးချယ်ခဲ့ပြီး အကောင်းဆုံး ပြိုင်ပွဲဝင်ပိုစတာနှင့် ဗီဒီယိုတို့ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးက ကြီးမှူးကျင်းပသည့် “Together Against Corruption” ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်ခဲ့ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိကြသူများအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့က ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ငွေသားဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လည်ဆွဲတို့ဖြင့် ဆုများကို ထိုက်တန်စွာ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကရင်ပြည်နယ် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ



**ဘားအံ မေ ၁၂**

ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ ဆောင်ပုဒ်ဖြင့် ကရင်ပြည်နယ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူပွဲကို မေ ၁၂ ရက် နံနက် ၈ နာရီက ဘားအံမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ ကျင်းပသည်။

အဆိုပါ မြေစိုက်ပိုစတာစိုက်ထူပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ပညာရေးမှူးနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြေစိုက်ပိုစတာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ **(အပေါ်ပုံ)** ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ ဆိုင်းဘုတ်ကို စိုက်ထူပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ ပြည်နယ် GYM နှင့် စားပွဲတင်တင်းနစ် အားကစားခန်းမအနီးတွင် ကရင်ပြည်နယ် လူငယ်ရေးရာ စင်တာ ပေ ၁၄၀ x ပေ ၈၀ RC သုံးထပ်အဆောက်အဦ တည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အဆောက်အအုံတည်ဆောက်မည့် မြေနေရာ၊ ပတ်ဝန်းကျင်ရှိ အဆောက်အအုံများနှင့် လိုက်လျောညီထွေမှုရှိသော တည်ဆောက်ရေးအစီအမံများကို ပြန်လည်ရေးဆွဲတင်ပြရန် မှာကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ် GYM နှင့် စားပွဲတင်တင်းနစ် အားကစားခန်းမတွင် အားကစားသမားများ၏ လေ့ကျင့်နေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မေ ၁၁ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် မူးကဝါကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း စာသင်ဝိုင်းတွင် နည်းပြ၊ ကြီးကြပ်များမှ အသက် ၁၅ နှစ်နှင့်အထက် သက်ကြီးစာမတတ်သူများ စာသင်သား ၂၁ ဦးကို အခြေခံစာတတ်မြောက်ရေးအတွက် ဘာသာရပ်များအလိုက် ထိရောက်သော နည်းစနစ်များဖြင့် စေတနာအရင်းခံ၍ စိတ်အားထက်သန်စွာ သင်ကြားသင်ယူနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စာသင်သားများကို အားဖြည့်အချိုရည်များ ဝေငှပေးခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ စခန်းပေါင်းစုံစွမ်းရည်ပြိုင်ပွဲများပြုလုပ်၊ အခြေခံလေကြောင်း လူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ စခန်းသွင်းလေ့ကျင့်ရန်နှင့် ပြိုင်ပွဲများကျင်းပရန် မိတ္ထီလာမြို့သို့ရောက်ရှိ

**နေပြည်တော် မေ ၁၂**

တပ်မတော်(ရေ)က ၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၄) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် ရန်ကုန်မြို့ရှိ ရောဝတီရေတပ်စခန်းဌာနချုပ်၌ စခန်းပေါင်းစုံ တွေ့ဆုံပွဲ ပြုလုပ်ကြသည်။

ထို့နောက် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများ၏ စခန်းပေါင်းစုံပြိုင်ပွဲများကို ရောဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၊ စစ်ရေးပြကွင်းနှင့် အမှတ်(၄) ရေတပ်ဗောတံတားတို့၌ပြုလုပ်ရာ တပ်မတော်အရာရှိကြီးများ၊ သင်တန်းသား သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် အုပ်ချုပ်သူများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် ရေကြောင်းလူငယ်သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား သင်တန်းသူများက သင်တန်းအလိုက် စစ်ရေးပြပြိုင်ပွဲများ၊ ရေတပ်သားဘာသာရပ်ဆိုင်ရာရေး/ဖြေစာမေးပွဲ၊ ကြိုးချည်ကြိုးထိုးလက်တွေ့ပြိုင်ပွဲ၊ ရေတိုင်းခြင်း လက်တွေ့ပြိုင်ပွဲနှင့် ပဲ့စင်တပ်ဖွဲ့တာဝန်ဖွဲ့စည်းဆောင်ရွက်မှု လက်တွေ့ပြိုင်ပွဲများကို





ပါဝင်ယှဉ်ပြိုင်ကြသည်။ **(ဝဲပုံ)**

အလားတူ တပ်မတော်(လေ)က ၂၀၂၄ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့တွင် နယ်မြေဒေသအသီးသီးရှိ သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား သင်တန်းသူများသည် ပြိုင်ပွဲများကျင်းပရန်နှင့် ဒေသန္တရလေ့လာရေးခရီးစဉ်များ သွားရောက်ရန် တပ်မတော်လေယာဉ်များ၊ တပ်မတော်မော်တော်ယာဉ်များဖြင့် မိတ္ထီလာမြို့သို့ စုံလင်စွာရောက်ရှိခဲ့ပြီး တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

အဆိုပါသင်တန်းသားများသည် မိတ္ထီလာမြို့တွင် အခြေပြု၍ စစ်ရေးပြပြိုင်ပွဲများ၊ RC Simulator / Flight Simulator မောင်းနှင်ခြင်းပြိုင်ပွဲများ၊ RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်းပြိုင်ပွဲများ ကျင်းပခြင်းနှင့် တပ်မတော်(လေ) သင်တန်းကျောင်းများ၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့ လေ့လာခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အသည်းအစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်း ဒုတိယနေ့ ဆက်လက်ဆောင်ရွက်



**နေပြည်တော် မေ ၁၂**

တပ်မတော်တွင် ဆဋ္ဌမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် လူနာဖြစ်သူ ဦးဇော်ဌေးနှင့် တူမဖြစ်သူအသည်းအလှူရှင် ဒေါ်နွယ်နွယ်ဝင်းတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၅ နာရီခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၀ နာရီခွဲကြာမြင့်ခဲ့သည်။ အသည်းအလှူရှင် လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားတွင် ချော်ရည်များ စီးဆင်းလာမှုကြောင့် ၃၄ ဦးသေဆုံး

ဂျကာတာ မေ ၁၂

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားတွင် ချော်ရည်များ ရွှံ့နွံသဖွယ် စီးကျမှုကြောင့် သေဆုံးသူ ၃၄ ဦးအထိရှိလာပြီး ငါးဦးပျောက်ဆုံးနေဆဲဖြစ်သည်ဟု ဒေသခံ သဘာဝဘေးအေဂျင်စီက မေ ၁၂ ရက်တွင် ပြောသည်။

မေ ၁၁ ရက် ညနေပိုင်းက မာရက်ပီမီးတောင် တောင်စောင်း၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မီးတောင်ပေါက်ကွဲပြီးနောက် တင်ကျန်နေသည့် ပြာမှုန့်များမှာ မိုးရွာမှုကြောင့် တောင်အောက်သို့ ရွှံ့နွံသဖွယ် စီးကျလာခဲ့ရာ တာနာ့ဒတ်တာနှင့် အေဂမ် ဒေသတို့တွင် ချော်ရည်အေး များ စီးဆင်းမှု ဖြစ်ပေါ်ခဲ့သည်ဟု ပြည်နယ်သဘာဝဘေး စီမံခန့်ခွဲမှုနှင့် လျော့ပါးသက်သာစေရေးအေဂျင်စီမှ အကြီးအကဲဖြစ်သူ ဖာဂျာဆော့ခ်မာက ဆင်ဟွာသို့ ပြောသည်။

သေဆုံးသူဦးရေမှာ ၃၄ ဦးအထိရှိလာပြီဖြစ်သည်။ ကယ်ဆယ်ရေးနှင့်ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည့်အတွက် သေဆုံးသူဦးရေ တိုးလာနိုင်သေးသည်ဟု သိရသည်။ ငါးဦးထက်မနည်း ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ဖာဂျာဆော့ခ်မာက ပြောသည်။

ဒဏ်ရာရရှိသူ ၁၆ ဦးကိုလည်း နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုပေးထားသည်ဟု ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲမှုနှင့် လျော့ပါးသက်သာစေရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ မဟာရင်ဒိုအီဒ်ဝင်က ပြောသည်။ ဒေသခံများအိပ်ပျော်နေစဉ် ညဘက် ချော်ရည်အေး စီးဆင်းမှုဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ အဆောက်အအုံများအပြားမှာလည်း ချော်ရည်အေးများအောက် နစ်မြုပ်ခဲ့ရသည်။

ဆင်ဟွာ



# ရာဖာမြို့ရှိ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် အစ္စရေး ထပ်မံအမိန့်ပေး

ဂျေရုဆလင် မေ ၁၂

ကုလသမဂ္ဂ (ယူအင်န်) က ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် ပါလက်စတိုင်း တောင်းဆိုချက်ကို ထောက်ခံချက်ပေးပြီး တစ်ရက်အကြာ အစ္စရေးတပ်ဖွဲ့က ၎င်း၏စစ်ဆင်ရေး အရှိန်မြှင့်တင်ရန် ပြင်ဆင်နေချိန်တွင် ဂါဇာ တောင်ပိုင်း ရာဖာမြို့ရှိ ပြည်သူများ ဘေးကင်းရာသို့ ပြောင်းရွှေ့ရန် မေ ၁၁ ရက်က ထပ်မံအမိန့်ပေးခဲ့သည်။

ရာဖာ၌ ခိုလှုံနေကြသည့် နေရပ်စွန့်ခွာပါလက်စတိုင်း တစ်သန်းကျော်မှာ ရေ၊ အစားအစာ၊ ဆေးဝါးကုသမှုကဲ့သို့သော မရှိမဖြစ်လိုအပ်သည့် ထောက်ပံ့မှုများ ပြတ်လပ်မှုကြောင့် ဆိုးရွားသည့် လူသားချင်း စာနာမှုဆိုင်ရာ အကျပ်အတည်းများ မြင့်မားလျက်ရှိသည်။ ယခုအခါ ရာဖာမြို့ ဒေသခံများမှာ ယာယီစခန်းများမှ ချက်ချင်းပြောင်းရွှေ့ရမည် ဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ အဗီချိုင်း အဒရေ့က ထုတ်ပြန်ချက်တွင် ပြောကြားသည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (အိုင်ဒီအက်ဖ်)သည် ရာဖာအရှေ့ပိုင်း သီးခြားဒေသများ၌ စစ်ဆင်ရေးကို ဆက်လက်လုပ်ဆောင်မည်ဟု လူမှုကွန်ရက်မီဒီယာဖြစ်သည့် X တွင် ဖော်ပြထားသည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသ အလယ်ပိုင်း ဒီယာအယ်လ်-ဗလာ၌ အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ဆရာဝန် နှစ်ဦး သေဆုံးကြောင်း ပါလက်စတိုင်း တရားဝင်သတင်း အေဂျင်စီ ဝါဖာက မေ ၁၂ရက် တွင် ထုတ်ပြန်ထားသည်။

ဆင်ဟွာ



အစ္စရေး-ဟားမားစ် ပဋိပက္ခကြောင့် ပါလက်စတိုင်း နေရပ်စွန့်ခွာသူများကို တွေ့ရစဉ်။

# တောင်အာဖရိကတွင် အဆောက်အအုံပြိုကျမှုကြောင့် သေဆုံးသူ ၁၆ ဦးအထိရှိလာ

ကိတ်ပ်တောင်း မေ ၁၂

တောင်အာဖရိကနိုင်ငံတွင် အဆောက်အအုံပြိုကျမှုကြောင့် သေဆုံးသူ ၁၆ ဦးအထိရှိလာပြီး ဆောက်လုပ်ရေးလုပ်သား ၃၆ ဦးမှာ အပျက်အစီးများအောက် ပိတ်မိနေဆဲဖြစ်သည်ဟု အာဏာပိုင်များက မေ ၁၂ ရက်တွင် ပြောသည်။ ကိတ်ပ်တောင်းမြို့ အရှေ့ဘက် ၄၀၀ ကီလိုမီတာအကွာရှိ ဂျော့မြို့တွင် ပြီးခဲ့သည့်တနင်္လာနေ့ မွန်းလွဲပိုင်းက ဆောက်လုပ်ဆဲဖြစ်သည့် အထပ်မြင့်အဆောက်အအုံ ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်သားများသည် ခြောက်ရက်မြောက်နေ့အဖြစ် ရှာဖွေမှုများဆက်လက်လုပ်ဆောင်ခဲ့ပြီး အင်းဖြစ်ပွားရာနေရာရှိ ၈၁ ဦးအနက် ၄၅ ဦးကို ကယ်တင်နိုင်ခဲ့သည်။

အဆိုပါ ၄၅ ဦးအနက် ၁၆ ဦးမှာ သေဆုံးသွားခဲ့ပြီး ၃၆ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ ကယ်ဆယ်ရေးလုပ်သားများသည် ပျောက်ဆုံးနေသူများကို ရှာဖွေရာ၌ စိန်ခေါ်မှုများနှင့် အခက်အခဲများရှိသော်လည်း ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများဖြင့် ဆက်လက်လုပ်ဆောင်ရန် တွန်းအားဖြစ်ခဲ့ကြောင်း မြူနီစီပယ်၏ ထုတ်ပြန်ချက်တွင် ပါဝင်သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ ဒေလီမြို့ရှိ ဆေးရုံနှစ်ရုံ၌ ဗုံးခြိမ်းခြောက်ခံရမှုဖြစ်ပွား

နယူးဒေလီ မေ ၁၂

အိန္ဒိယနိုင်ငံ ဒေလီမြို့ရှိ အစိုးရပိုင်ဆေးရုံနှစ်ခု၌ မေ ၁၂ ရက်တွင် ဗုံးအန္တရာယ်ခြိမ်းခြောက်မှု သတင်းတစ်ခုရရှိသဖြင့် ဆေးရုံနှစ်ခုလုံးရှိ ပြည်သူများကို ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရသည်။

ဒေလီရဲတပ်ဖွဲ့မှ အမှုထမ်းများ၊ ဒေလီမီးသတ်ဝန်ဆောင်မှုအဖွဲ့နှင့် ဒေသတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့တို့သည် မန်ဂိုပူရီရှိ ဆန်ဂျေးဂန်ဒီဆေးရုံနှင့် ဘူရာရီဒေသရှိ ဘူရာရီအစိုးရဆေးရုံတို့အတွင်း လုံခြုံရေးစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ မေ ၁ ရက်ကလည်း ဒေလီမြို့နှင့်အနီးတစ်ဝိုက်ရှိ စာသင်ကျောင်း ၁၀၀ နီးပါးတွင် အလားတူ ဗုံးအန္တရာယ်ခြိမ်းခြောက်မှုခံရပြီးနောက်ပိုင်းတွင် နောက်ပြောင် လိမ်လည်မှုများဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# အွန်လိုင်းလိမ်လည်မှုကျူးလွန်သည်ဟု သံသယရှိသူ ၃၁၉ ဦးကို စင်ကာပူရဲတပ်ဖွဲ့ ဖမ်းဆီး

စင်ကာပူ မေ ၁၂

စင်ကာပူရဲတပ်ဖွဲ့သည် ဧပြီ ၂၆ ရက်မှ မေ ၉ ရက်အထိ အထူးလှုပ်ရှားဆောင်ရွက်မှုအတွင်း လိမ်လည်မှုကျူးလွန်သည်ဟုသံသယရှိသူ ၃၁၉ဦးကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့၏ နောက်ဆုံးထုတ်ပြန်ချက်အရ သိရသည်။

ယင်းသံသယရှိသူများသည် အွန်လိုင်းလိမ်လည်မှု၊ သူငယ်ချင်းအယောင်ဆောင်လိမ်လည်မှု၊ ရင်းနှီးမြှုပ်နှံမှုလိမ်လည်မှု၊ အင်တာနက်ချစ်ခြင်းဆိုင်ရာလိမ်လည်မှုနှင့် အလုပ်အကိုင်ရရှိရန် လိမ်လည်မှုအပါအဝင် လိမ်လည်မှုပေါင်း ၁၁၀၀ ကျော်တွင် ပါဝင်ပတ်သက်မှုရှိသည်ဟု ဆိုသည်။ လိမ်လည်လှည့်ဖြားမှုများ၊ ငွေကြေးခဝါချမှုများ သို့မဟုတ် လိုင်စင်မရှိဘဲ ငွေပေးချေဝန်ဆောင်မှုများ ပေးဆောင်ခြင်းတို့အတွက် အဆိုပါသံသယရှိသူများကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ဆင်ဟွာ

# အာကာသအတွင်းသို့ ဂြိုဟ်တုသစ်တစ်စင်း တရုတ်လွှတ်တင်

ကျိုချွမ် မေ ၁၂

တရုတ်နိုင်ငံသည် အာကာသအတွင်းသို့ လောင်းမာ့ချ် - ၄ စီ သယ်ဆောင်ရေးဒုံးပျံဖြင့် ဂြိုဟ်တုသစ်တစ်စင်းကို မေ ၁၂ ရက်တွင် လွှတ်တင်လိုက်ကြောင်း သိရသည်။

အဆိုပါ ဒုံးပျံကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကျိုချွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ပေကျင်းစံတော်ချိန် နံနက် ၇ နာရီ ၄၃ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး Shiyan-23 အမည်ရှိ ဂြိုဟ်တုကို ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့သည်။

အဆိုပါဂြိုဟ်တုကို အာကာသပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေးတွင် အဓိကထား အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် Shiyan-23 ဂြိုဟ်တုလွှတ်တင်မှုသည် လောင်းမာ့ချ်သယ်ဆောင်ရေးဒုံးပျံများ၏ (၅၂၂) ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



လောင်းမာ့ချ် - ၄ စီ သယ်ဆောင်ရေးဒုံးပျံဖြင့် Shiyan-23 ဂြိုဟ်တုလွှတ်တင်မှုကို မေ ၁၂ ရက်က တွေ့ရစဉ်။

# ဂျပန်နိုင်ငံ ဒေသအနှံ့အပြား၌ မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း မိုးလေဝသ ကျွမ်းကျင်သူများပြော

တိုကျို မေ ၁၂

ဂျပန်နိုင်ငံဒေသအနှံ့အပြား၌ မေ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း ဂျပန်မိုးလေဝသ ကျွမ်းကျင်သူများက ပြောသည်။

ထို့ကြောင့် ရွှံ့မြေပြိုကျခြင်းများ၊ ရေကြီးရေလျှံမှုများနှင့် မြစ်ရေလျှံမှုများအတွက် နိုးနိုးကြားကြားရှိကြရန် ပြည်သူများအား ၎င်းတို့က တိုက်တွန်းထားသည်။ မေ ၁၂ ရက်နောင်းပိုင်းနှင့် ၁၃ ရက်တို့တွင် ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့၌ ရာသီဥတုဆိုးရွားဖွယ်ရှိကြောင်း တာဝန်ရှိသူများက ခန့်မှန်းထားသည်။ မေ ၁၃ ရက် နံနက်ပိုင်းအထိ ၂၄ နာရီအတွင်း စုစုပေါင်း မိုးရေချိန်သည် ရှီကိုကုဒေသတွင် ၂၀၀ မီလီမီတာအထိ ရောက်ရှိနိုင်ပြီး တိုကိုင်းဒေသတွင် ၁၅၀ မီလီမီတာအထိ ရောက်ရှိနိုင်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ဒုတိယဝန်ကြီး ဦးရဲတင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပုသိမ် မေ ၁၂**
ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် မေ ၁၀ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြောင်းမြခရိုင်ရုံးနှင့် ညနေပိုင်းတွင် လပွတ္တာခရိုင်ရုံးတို့သို့ ရောက်ရှိပြီး စာကြည့်တိုက်(**ယာယီ**)နှင့် ရုံးလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများကို တွေ့ဆုံမှာကြားသည်။

ထို့နောက် လပွတ္တာမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သာပေါင်းမြို့နယ်ရုံးနှင့် ပုသိမ်ခရိုင်ရုံးတို့သို့ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်းနှင့်အတူ ရောက်ရှိစစ်ဆေးပြီး တိုင်းဒေသကြီးရုံးနှင့် ခရိုင်ရုံးဝန်ထမ်းများ၊ မြို့နယ်ရုံးဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများနှင့် ဝန်ထမ်းရေးရာများမှာကြားကာ ပုသိမ်မြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ နံနက်ပိုင်းတွင် ကျောင်းကုန်းမြို့နယ်ရုံးသို့ ရောက်ရှိစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြား၍ ကျောင်းကုန်းမြို့နယ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။ ဒုတိယဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် လက်ရှိနိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရပ်ကွက်၊ ကျေးရွာများတွင် စာကြည့်တိုက်များဖွင့်လှစ်ရေး၊ ယခင်က ဖွင့်လှစ်ထားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပိတ်ထားရသည့် စာကြည့်တိုက်များ ပြန်လည်ဖွင့်လှစ်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန်၊ လူငယ်များအပါအဝင် ပြည်သူများ စာပေလေ့လာဖတ်ရှုလိုစိတ်တိုးပွားလာစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားများကို ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မကြာမီ အခြေခံပညာကျောင်းများ ဖွင့်လှစ်တော့မည်ဖြစ်၍ ကျောင်းအပ်နှံရေး ရက်သတ္တပတ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးကို ကျေးလက်ဒေသများအထိ ပျံ့နှံ့အောင် အသိပညာပေးရေး သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ လူငယ်အသိပညာပေး လုပ်ငန်းများ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်၍ အခြေခံပညာကျောင်းများကို အခြေပြုပြီး ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ ကျောင်းစာကြည့်တိုက်များ ရှင်သန်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ရန်၊ ထပ်ဆင့်လွှင့်စက်ရုံများ စက်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ ပုံမှန်ပြုပြင်ထိန်းသိမ်းပြီး ရေရှည်သုံးစွဲနိုင်ရေး ဂရုပြုဆောင်ရွက်ရန်၊ မီးဘေးလုံခြုံရေးအထူးဂရုပြုကြရန်၊ နိုင်ငံ့ဝန်ထမ်း ကောင်းပီသစွာဖြင့် ဝန်ထမ်းသစ္စာ အဓိဋ္ဌာန် (၆)ချက်နှင့်အညီ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ဆောင်ရွက်သွားကြရန်တို့ကို ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ ပြောင်းဖူးစေ့များ ဆက်လက်တင်ပို့

**နေပြည်တော် မေ ၁၂**
နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေး လုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မင်းထက်မင်းဆိပ်ကမ်း (MHM)မှ ပြောင်းဖူးစေ့ တန်ချိန် ၅၄၀၀၊ ရွှေမဲဆိပ်ကမ်း (SMJ) မှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀၊ Wilmar (Wilmar International Port Terminal) ဆိပ်ကမ်းမှ ဆန်တန်ချိန် ၄၈၅၀ တင်ပို့ခဲ့သည်။

ထို့ပြင် မေ ၁၅ ရက်တွင် ဆူးလေဆိပ်ကမ်း (SPW) မှ ပြောင်းဖူးစေ့ တန်ချိန် ၇၁၉၀၀ နှင့် ဆန်တန်ချိန် ၆၀၀၀၊ မြန်မာ့စက်မှုဆိပ်ကမ်း (MIP)မှ ပြောင်းဖူးစေ့ တန်ချိန် ၅၃၅၀၀၊ အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (AIPT)မှ ပြောင်းဖူးစေ့တန်ချိန် ၅၈၄၀၀ ၊ ဆန် တန်ချိန် ၁၂၅၀၀ ၊ ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal– TMT) မှ ပြောင်းဖူးစေ့ တန်ချိန် ၂၉၅၀၀၊ မင်းထက်မင်းဆိပ်ကမ်း(MHM)မှ ပြောင်းဖူးစေ့တန်ချိန် ၅၄၀၀၊ Yangon International Gateway Terminal(YIGT)မှ ပြောင်းဖူးစေ့တန်ချိန် ၁၁၀၀၀ ၊ Myanmar Five Star Line (MFSL) ဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ ဆက်လက်တင်ပို့သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းမိုးကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မေ ၁၂ ရက်တွင် ညောင်ဦးမြို့နယ် ငါ့လင်းပုတ်ကျေးရွာနှင့် နပွလင်ကျေးရွာရှိ ဒေသခံပြည်သူများကို သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးစဉ်။

ရဲဝင်းနိုင်(ညောင်ဦး)

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**
**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# ပြင်ဦးလွင်မြို့နယ်၌ မိုးရာသီတွင် မျိုးစေ့နှစ်သိန်း စိုက်ပျိုးရန် စီစဉ်ထား

**ရန်ကုန် မေ ၁၂**
ပြင်ဦးလွင်မြို့နယ်၌ မိုးရာသီတွင် မျိုးစေ့နှစ်သိန်း စိုက်ပျိုးရန် စီစဉ်ထားရာ ထူးထူးခြားခြား အနေဖြင့် သစ်စေ့ပါ မြေလုံးကို လေးခွဖြင့်ပစ်၍ မျိုးစေ့ကြဲသည့် ပုံစံကိုလည်း ထည့်သွင်းမည်ဖြစ်ကြောင်း Green Challenge Association မှ ဥက္ကဋ္ဌ ဦးအောင်မျိုးပိုင်က ပြောကြားသည်။

Green Challenge Association မှ ပြင်ဦးလွင်မြို့တစ်ဝိုက် သစ်ပင်များဖြင့် စိမ်းလန်းစိုပြည်စေရန်သမားရိုးကျ နည်းလမ်းဖြင့် သစ်ပင်စိုက်ခြင်း၊ လူကိုယ်တိုင် မျိုးစေ့ပစ်ကြဲခြင်း၊ လေးခွဖြင့် မျိုးစေ့ကြဲခြင်း၊ မီးပုံးပျံဖြင့် မျိုးစေ့ကြဲခြင်း အစရှိသဖြင့် နည်းလမ်းများစွာဖြင့် ယခင်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်မျိုးစေ့ကတော့ ကြဲမှာပါ၊ မီးပုံးပျံပါ၊ မပါတော့ မသေချာဘူး။ ပုံမှန်က အပင်စိုက်သွားရင် လမ်းဘေး ဝဲ၊ ယာကိုတော့ လက်နဲ့ပစ်တယ်၊ တောင်ကြားတွေ၊ တောင်ပေါ်တွေကို လေးခွနဲ့ ပစ်တယ်။ ဇူလိုင်၊ ဩဂုတ်မှာ လုပ်ဖြစ်မှာပါ။ မျိုးစေ့ကတော့ အခုကတည်းက စပြီးစုနေပြီ၊ လုံးတာကတော့ ဇွန်ကျမှ လုံးတာပါ။ တစ်နှစ်ကို မျိုးစေ့နှစ်သိန်းလောက်တော့ ကြဲဖြစ်ပါတယ်။ ကိုဗစ်ကာလတုန်းကလည်း မီးပုံးပျံမပါပေမယ့် နှစ်သိန်းပြည့်အောင်တော့ ကြဲခဲ့ပါတယ်" ဟု ၎င်းကဆိုသည်။

၎င်းတို့အနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သမားရိုးကျနည်းလမ်းဖြင့် ပျိုးပင် ၃၀၀ ကျော်မှ ၅၀၀ ခန့်အထိစိုက်ပျိုးနိုင်ရေးအတွက် ချုံရှင်း၊ ကျင်းတူးရန် လူဦးရေ ၂၀၊ ၃၀ ခန့်အထိ လိုအပ်ကာ တော၊ တောင်များသို့ သွားရောက်စိုက်ပျိုးရန် အခက်အခဲရှိသဖြင့် လေးခွဖြင့်ပစ်၍ မျိုးစေ့ချစိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်းလည်း ပြောကြားသည်။

ယင်းအပြင် ပြင်ဦးလွင်မြို့ရှိ Trekking အုပ်စုများ၊ Rider များ၊ Bikers များကိုလည်း လမ်းကြောင်းထွက်လျှင် ၎င်းတို့သွားသည့် လမ်းတစ်လျှောက် တောင်ကြော၊ တောင်ကြားများတွင် ကူကြဲပေးရန် အကူအညီတောင်းပြီးအသင်းဝင် Members များကိုလည်း ခရီးသွားလာပါက ယူသွား၍ ကြဲပေးရန် နည်းလမ်းမျိုးစုံဖြင့် လျာထားသည့် မျိုးစေ့ကုန်စေရန် ဆောင်ရွက်ရကြောင်း သိရသည်။

သမားရိုးကျချုံရှင်း၊ ကျင်းတူးစိုက်လျှင် မျိုးစေ့သိန်းချီစိုက်ပျိုးရန် မလွယ်ကူကြောင်းနှင့် မျိုးစေ့ချစိုက်ပျိုးခြင်းတွင်လည်း မိုးကြီး၍ မျိုးစေ့ရေထဲမျောပါခြင်း၊ အပင်ပေါက်ဖြစ်လာပြီး တောမီးလောင်ချိန်တွင် ရှင်သန်ရန် အခက်အခဲများရှိနိုင်သော်လည်း မျိုးစေ့နှစ်သိန်းကြဲခဲ့သည့်အနက် နှစ်သောင်းခန့် ရှင်သန်နိုင်လျှင်ပင် အမြတ်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

Green Challenge Association အဖွဲ့အနေဖြင့် ပြင်ဦးလွင်မြို့ပတ်လည်တွင် အမျိုး ၂၀ ခန့်ကို ၂၀၁၉ ခုနှစ်မှစ၍ မျိုးစေ့ချစိုက်ပျိုးနည်းကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် မျိုးစေ့ ခြောက်သိန်းခန့် ပျိုးနိုင်ခဲ့ကြောင်း၊ ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်တွင် မီးပုံးပျံမပါဝင်ဘဲ မျိုးစေ့ချခြင်းနှင့် ၂၀၂၃ ခုနှစ်တွင် မီးပုံးပျံဖြင့် မျိုးစေ့ချခြင်းကိုပါ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"အခုမျိုးစေ့ချ စိုက်ပျိုးခဲ့တဲ့ နေရာတွေကို သွားကြည့်ရင် ၃၀ ရာခိုင်နှုန်းခန့်လောက်က အပင်တွေရှိတယ်။ အချို့နေရာလေးတွေဆို အုပ်အုပ်လေးတွေဖြစ်နေပြီ။ အောက်ပိုင်းဘက် ပူတဲ့နေရာတွေဆို သျှား၊ ထနောင်း၊ မန်ကျည်းတွေ ကြဲတယ်။ ပေါက်တဲ့နေရာတွေဆို စိန်ပန်းတို့၊ အစုံပဲ၊ အမျိုး ၂၀ လောက်ကြဲတယ်" ဟုလည်း ၎င်းကပြောသည်။ **MT**



Green Challenge Association မှ သစ်ပင်များ လိုက်လံစိုက်ပျိုးနေသည်ကို ၂၀၂၃ ခုနှစ်က တွေ့ရစဉ်။

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ကျိုင်းတုံမြို့ရှိ ရုံးများ၊ ဝန်ထမ်းအိမ်ရာများ လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ သမဝါယမဦးစီးဌာနရုံးနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးများသို့ သွားရောက်ပြီး ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဦးစီးဌာနအလိုက်၊ ရုံးအလိုက် ဝန်ထမ်းသက်သာချောင်ချိရေးကို ဆောင်ရွက်ပေးရန်၊ မိမိတို့တန်ဖိုးထားသော ဝန်ထမ်းဘဝ မြင့်မားတိုးတက်ရေးအတွက် ဌာနတွင်းရာထူးတိုးစာမေးပွဲများ ယှဉ်ပြိုင်သကဲ့သို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ခေါ်ယူသော တစ်ဆင့်မြင့်ရာထူးများအတွက် လည်းကောင်း၊ နိုင်ငံခြားပညာသင်ဆုများကိုလည်းကောင်း အရည်အချင်းကိုက်ညီသူများအနေဖြင့် ဝင်ရောက်ဖြေဆိုကြရန်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အမြန်စတင်အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ သမဝါယမဦးစီးဌာနအနေဖြင့် လာမည့် မိုးစပါးစိုက်ပျိုးရာသီတွင် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးများက လိုအပ်သည်များ ကြိုတင်စီမံဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားကာ ရုံးအဆောက်အဦများနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ ကျော့ဖုံးမှ

ကျေးရွာဘက်မှနေ၍ လက်နက်ကြီးဖြင့် ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့မှုကြောင့် ပြည်သူ့ဆေးရုံရှိ ဝန်ထမ်းအိမ်ရာ လေးထပ်ဆောင်ပေါ်သို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သည်။


ယင်းသို့ လက်နက်ကြီးကျည် ကျရောက် ပေါက်ကွဲခဲ့မှုကြောင့် ပြည်သူ့ ဆေးရုံဝင်းအတွင်း အေးချမ်းစွာနေထိုင်လျက်ရှိသော ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူ ၃ ဦး သေဆုံးခဲ့ပြီး အသက် ၁ နှစ်ခွဲနှင့် အသက် ၁၀ နှစ်အရွယ် ကလေးငယ် ၂ ဦးအပါအဝင် ဒေသခံပြည်သူ ၁၀ ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာ ရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များက ဘူးသီးတောင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ အရေးပေါ်ပို့ဆောင်၍ လိုအပ်သည့် ဆေးကုသမှု ခံယူစေလျက်ရှိသည်။

AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်နေမှုနှင့် လူမှုစီးပွားဘဝ ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် လူနေရပ်ကွက် / ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့မှုအနေဖြင့် ယခုအကြိမ်အပါအဝင် စုစုပေါင်း ၁၄ ကြိမ်ရှိခဲ့ပြီး ယင်းသို့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ဒေသခံပြည်သူ ၆၀ သေဆုံးခဲ့ကာ ၁၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့၊ ရွာ၊ ရပ်ကွက်များကို AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများ ဖော်ဆောင်ခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့၏ လုပ်ရပ်များကို ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့် ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာ လေးထပ်ဆောင်အတွင်း လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သည့် နေရာပြပုံ။








ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့် ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနေစဉ်။



ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အဦပုံ။

❏ ကျော့ဖုံးမှ

အသင်းကလည်း ရာသီပိတ်သိမ်းချိန်တွင် ရမှတ် ၉၀ နှင့်အတူ အဆင့်(၃) ဖြင့် ရာသီပိတ်သိမ်းနိုင်ခဲ့သည့်အတွက် ရှုံးထွက်အဆင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

ချန်ပီယံရှစ်ပြိုင်ပွဲ ရာသီပိတ်သိမ်းချိန်တွင် ပရီမီယာလိဂ်သို့ လက်စတာနှင့် အစ်ဆွစ်ချ်အသင်းတို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ပြီး အဆင့်(၃)မှ အဆင့်(၆)အတွင်း ဝင်သည့်အသင်းများက ရှုံးထွက်အဆင့်ပွဲစဉ်များယှဉ်ပြိုင်ကာ အနိုင်ရဗိုလ်စွဲသည့် အသင်းသာ ပရီမီယာလိဂ်တန်းတက်ခွင့် လက်ကျန်တစ်နေရာကို ရရှိမည်ဖြစ်သည်။

နော့ဝစ်ချ်နှင့် လိစ်ဒ်အသင်းတို့ တွေ့ဆုံခဲ့သည့် နောက်ဆုံးနှစ်ကြိမ်တွင် လိဒ်စ်အသင်းကသာ နှစ်ကြိမ်စလုံး အနိုင်ရရှိထားသည်။ သို့သော်လည်း ယခုပွဲစဉ်မှာ ပရီမီယာလိဂ်တန်းတက်ခွင့်ရေးအတွက် အရေးပါသည့် ပွဲစဉ်ဖြစ်သောကြောင့် ယခင်ပွဲစဉ်များထက် ပိုအကြိတ်အနယ်ရှိခဲ့သည်။



ချန်ပီယံရှစ်ရှုံးထွက်အဆင့် ပထမအကျော့တွင် နော့ဝစ်ချ်နှင့် လိဒ်စ်အသင်း အကြိတ်အနယ်ယှဉ်ပြိုင်စဉ်။

အိမ်ရှင်နော့ဝစ်ချ်အသင်းထက် လိစ်ဒ်အသင်းက ခြေစွမ်းသာလွန်မှုရှိသော်လည်း ရရှိလာသည့် အခွင့်အရေးများကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။ နော့ဝစ်ချ်နှင့် လိစ်ဒ်အသင်းတို့၏ ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်ကို မေ ၁၇ ရက်တွင် လိစ်ဒ်အသင်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ အောင်ဇော်

❍ ကျော့ဖုံးမှ

အဆင့်မြင့်ဆုံးပြိုင်ပွဲလည်း ဖြစ်သည်။ ASEAN Mitsubishi Electric Cup ပြိုင်ပွဲကို ယခင်က တိုက်ဂါးဖလားပြိုင်ပွဲ၊ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲ၊ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲအမည်များဖြင့် ပြုလုပ်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ထိုင်းအသင်းက ချန်ပီယံ ခုနစ်ကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေပြီး စင်ကာပူအသင်းက လေးကြိမ်၊ ဗီယက်နမ်အသင်းက နှစ်ကြိမ်၊ မလေးရှားအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။ မြန်မာအသင်းသည် ၂၀၀၄ နှင့် ၂၀၁၆ ပြိုင်ပွဲ နှစ်ကြိမ်သာ ဆီမီးဖိုင်နယ် တက်ရောက်ဖူးကြောင်း သိရသည်။

၂၀၂၄ ASEAN Mitsubishi Electric Cup ပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၂၂ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးအဆင့်တွင် ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။

နောက်ဆုံးအဆင့်တွင် လက်ရှိချန်ပီယံ ထိုင်းအသင်းအပါအဝင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့က တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး အဆင့်သတ်မှတ်ချက်နိမ့်သည့် တီမောနှင့် ဘရူနိုင်းအသင်းမှာ ခြေစစ်ပွဲကစားရမည်ဖြစ်ကာ အနိုင်ရသည့်အသင်းမှာ နောက်ဆုံးအဆင့် တက်လှမ်းခွင့်ရမည်ဖြစ်သည်။ ခြေစစ်ပွဲအုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်အရ Pot–1 တွင် ထိုင်း၊ ဗီယက်နမ်၊ Pot–2 တွင် အင်ဒိုနီးရှားနှင့်မလေးရှား၊ Pot–3 တွင် ဖိလစ်ပိုင်နှင့် စင်ကာပူ၊ Pot–4 တွင် မြန်မာနှင့် ကမ္ဘောဒီးယား၊ Pot–5 တွင် လာအိုနှင့် ခြေစစ်ပွဲအောင်အသင်းတို့ ပါဝင်သည်။ ယခုနှစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများ အနေဖြင့် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်း နှစ်ပွဲကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကိုမူ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ–AFF

# ရောင်းချရန်ပဋိညာဉ် (Contract to sell)

**ဦးကျော်ကျော် (တရားရေး)**

✻ **ရောင်းချရန်ပဋိညာဉ်တွင် ရောင်းသူသည် ဝယ်သူသို့ရောင်းချသော ပစ္စည်းနှင့်စပ်လျဉ်း၍ အာမခံချက်ဖြင့် ပိုင်ဆိုင်မှုကို ရောင်းချနိုင်သည်။ အာမခံဆိုသည်မှာ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့်ပတ်သက်သော အချို့သော အချက်အလက်များနှင့် ကိုယ်စားပြုမှုများသည် မှန်ကန်ကြောင်း တရားဝင်ကျင့်သုံးနိုင်သော ကတိတစ်ခုဖြစ်**

✻ **ရောင်းချရန်ပဋိညာဉ် ချုပ်ဆိုရာတွင် ရောင်းချသူနှင့် ဝယ်ယူသူတို့အကြား ထားရှိသည့် စည်းကမ်းချက်များကို ပြေငြိမ်းအောင် ဆောင်ရွက်လျက် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအားပေးအပ်ရန် ပြုလုပ်သည့် ပဋိညာဉ်သည် ယင်းပစ္စည်းကို ရောင်းချရန်ပြုလုပ်သည့် ပဋိညာဉ်ဖြစ်**

**ရောင်းချရန်ပဋိညာဉ်**

ရောင်းချရန်ပဋိညာဉ် (သို့မဟုတ်) စရန်ပေးစာချုပ်ဆိုသည်မှာ ရောင်းသူနှင့်ဝယ်သူကြားတွင် ရောင်းသူက ဝယ်သူအား ပစ္စည်းရောင်းချရန် သဘောတူညီချက်တစ်ခု ဖြစ်ပါသည်။

ရောင်းချရန်ပဋိညာဉ်တွင် ရောင်းသူသည် ဝယ်သူသို့ရောင်းချသော ပစ္စည်းနှင့်စပ်လျဉ်း၍ အာမခံချက်ဖြင့် ပိုင်ဆိုင်မှုကို ရောင်းချနိုင်သည်။ အာမခံဆိုသည်မှာ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့်ပတ်သက်သော အချို့သော အချက်အလက်များနှင့် ကိုယ်စားပြုမှုများသည် မှန်ကန်ကြောင်း တရားဝင်ကျင့်သုံးနိုင်သော ကတိတစ်ခုဖြစ်သည်။

ရောင်းချရန်ပဋိညာဉ် ချုပ်ဆိုရာတွင် ရောင်းချသူနှင့် ဝယ်ယူသူတို့အကြား ထားရှိသည့် စည်းကမ်းချက်များကို ပြေငြိမ်းအောင် ဆောင်ရွက်လျက် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအားပေးအပ်ရန် ပြုလုပ်သည့် ပဋိညာဉ်သည် ယင်းပစ္စည်းကို ရောင်းချရန်ပြုလုပ်သည့် ပဋိညာဉ်ဖြစ်သည်။

ပစ္စည်းကို ရောင်းချမည်ဆိုသော ပဋိညာဉ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာချုပ်ချုပ်ဆို၍ဖြစ်စေ ပြုလုပ်နိုင်သည်။ စာချုပ်ချုပ်ဆို၍ ပြုလုပ်ထားသော ရောင်းချရန်ပဋိညာဉ်ကို မှတ်ပုံတင်ရန် မလိုပေ။ စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၁၆ အရ မှတ်ပုံမတင်မနေရသည့် စာချုပ်စာတမ်းမျိုးလည်း မဟုတ်ပေ။

**တရားဝင်ပဋိညာဉ်**

တရားဝင်ပဋိညာဉ်မြောက်ရန်အတွက် “**ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ တွင် သဘောတူညီချက်၏ ရည်ရွယ်ချက်သည် အောက်ပါအချက် တစ်ရပ်ရပ်မရှိမှသာလျှင် တရားဥပဒေနှင့်ညီကြောင်း** ပြဋ္ဌာန်းထားပါသည်-

(၁) **တရားဥပဒေဖြင့် တားမြစ်ထားသည့်အချက်၊**

(၂) **အကယ်၍ ခွင့်ပြုလျှင် တရားဥပဒေပါ ပြဋ္ဌာန်းချက်များကို ပျက်ပြားစေမည့်အချက်၊**

(၃) **လိမ်လည်လှည့်ဖြားရာ ရောက်သည့်အချက်၊**

(၄) **သူတပါး၏ကိုယ် (သို့မဟုတ်) ပစ္စည်းကိုထိခိုက်နစ်နာစေခြင်း (သို့မဟုတ်)နစ်နာရာ ရောက်စေသည့် အချက်၊**

(၅) **ကျင့်ဝတ်တရားပျက်ပြားသည့် သို့မဟုတ် အများပြည်သူဆိုင်ရာ ဝါဒနှင့် ဆန့်ကျင်သည်ဟု တရားရုံးက ထင်မြင်သည့်အချက်။**” ဟု ဒေါ်စပ်ချစ်ဦးနှင့် ဦးစိုင်းရီ အမှု၊ ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၆၀ တွင် လမ်းညွှန်ထုံးဖွဲ့ထားပါသည်။

**မှန်ကြောင်းလက်မှတ်ရေးထိုးခြင်း**

“မှန်ကြောင်းလက်မှတ်ရေးထိုးခြင်း အထမြောက်ရန် အောက်ပါ အင်္ဂါရပ်များဖြင့် ပြည့်စုံရန်လိုသည်-

(၁) အနည်းဆုံး သက်သေ ၂ ဦး ရှိရမည်၊

(၂) သက်သေတိုင်းက စာချုပ်၌ စာချုပ်ချုပ်ဆိုသူ လက်မှတ်ရေးထိုးသည်ကို ဖြစ်စေ၊ အမှတ်အသားပြုသည်ကိုဖြစ်စေ တွေ့မြင်ရမည်၊ သို့မဟုတ် စာချုပ်ချုပ်ဆိုသူက မိမိလက်မှတ် သို့မဟုတ် အမှတ်အသားဖြစ်ကြောင်း ဝန်ခံပြောဆိုသည်ကို ကြားသိရမည်၊

(၃) သက်သေတိုင်းက စာချုပ်ချုပ်ဆိုသူ၏ ရှေ့တွင် လက်မှတ်ရေးထိုးရမည်။” ဟု ဦးစိုးအောင်နှင့် ဒေါ်ခင်ခင်လှ ပါ-၂ အမှု၊ ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၃ (၇၄) တွင် လမ်းညွှန်ထုံးဖွဲ့ ထားပါသည်။

**ပဋိညာဉ်ချိုးဖောက်ခြင်း**

တိကျစွာနှင့် ပြည့်စုံစွာပြောရလျှင် ပဋိညာဉ်ပြုသူတစ်ယောက်သည် ပဋိညာဉ်အရ ၎င်းအပေါ်တွင် ကျရောက်သောတာဝန်ကို ဆောင်ရွက်ရန် ငြင်းပယ်လျှင် သို့မဟုတ် ပဋိညာဉ်အရ ဆောင်ရွက်ရန် အချိန်ကျရောက်သော်လည်းဆောင်ရွက်ရန် ပျက်ကွက်လျှင် ပဋိညာဉ်ချိုးဖောက်မှုဖြစ်ပေါ်သည်။ ပဋိညာဉ်ကို ငြင်းပယ်ခြင်း (repudiation of the contract) သည် ပဋိညာဉ်အတိုင်း လိုက်နာဆောင်ရွက်ရန် ငြင်းဆိုခြင်း (refusal to fulfil the contract) ဖြစ်သည်။

**ကတိရသူက ပဋိညာဉ်ကို ဖျက်သိမ်းခွင့်ရခြင်း**

စာဖြင့်ရေးသားထားသည့် ပဋိညာဉ်တွင် ဝယ်သူက သတ်မှတ်ထားသောနေ့ရက်အတွင်း ပဋိညာဉ်ကိုပြီးစီးအောင် မဆောင်ရွက်ပါက စရန်ငွေကို အဆုံးခံရန်နှင့် ရောင်းသူက ပဋိညာဉ်ဖောက်ဖျက်ပါက စရန်ငွေကိုပြန်ပေးရမည့်အပြင် နောက်ထပ်လျော်ကြေးပေးရန် နှစ်ဖက်လုံးအပေါ် အတည်ဖြစ်သည့် စည်းကမ်းချက်ပါရှိလျှင် ထိုပဋိညာဉ်သည် အချိန်ကို အဓိကထားကြောင်း ထင်ရှားသည်။ **(A.K.R.M.M.K CHIDAMBARAM CHETTYAR VS KHOO HWA LAM၊ ၁၉၅၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်ချုပ်)၊ စာ ၉၈)**

ပဋိညာဉ်ချုပ်ဆိုရာတွင် ပါဝင်သူတစ်ဦးက အကြောင်းအရာတစ်ခု သတ်မှတ်ထားသောအချိန်တွင် ပြုလုပ်ရန် ကတိပြုသော်လည်း ထိုကဲ့သို့ပြုလုပ်ရန် ပျက်ကွက်လျှင် အချိန်သည် ပဋိညာဉ်၏အဓိက အချက်ဖြစ်ရန် ရည်ရွယ်ပါက ကတိရသူက ထိုပဋိညာဉ်ကို ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၅ အရ ဖျက်သိမ်းခွင့်ရသည်။ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၅၅ တွင် ဖော်ပြထားသောအချိန်ကာလသည် ပဋိညာဉ်၏ အဓိကအချက်ဖြစ်စေရန် ကာယကံရှင်များက ရည်ရွယ်ခြင်းရှိ-မရှိ ပြဿနာကို စာဖြင့်ရေးသားထားသော စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင်အကြောင်းခြင်းရာများကို ဆင်ခြင်စဉ်းစားဆုံးဖြတ်ရမည်။ **(ဒေါ်လှနွဲ့ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးထွန်းအောင်) / ဒေါ်လှနွဲ့ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးထွန်းအောင်) နှင့် ဦးသန်းညွန့်ပါ ၃ / ဦးသန်းညွန့်၊ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၄၀၃(၄၀၄))**

**ပဋိညာဉ်တွင်ပါရှိသော အစီအစဉ်အတိုင်း တာဝန်များကို ဆောင်ရွက်ခြင်း**

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၂ တွင် အပြန်အလှန် ကတိများအတိုင်း ဆောင်ရွက်ရန်အစီအစဉ်ကိုပဋိညာဉ်အရ အတိအလင်း သတ်မှတ်ထားလျှင် ထိုအစီအစဉ်အတိုင်း ဆောင်ရွက်ရမည်။ ထို့ပြင် ပဋိညာဉ်အရ အစီအစဉ်ကို အတိအလင်းသတ်မှတ်ခြင်းမရှိလျှင် အမှုကိစ္စသဘောအရ လိုအပ်သောအစီအစဉ်အတိုင်း ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ သာမန်အားဖြင့် အပြန်အလှန် ကတိပြုသူနှစ်ဦးသည် ပဋိညာဉ်တွင်ပါရှိသော အစီအစဉ်အတိုင်း ၎င်းတို့၏ တာဝန်များကို ဆောင်ရွက်ရမည်ဖြစ်သည်။ **(ဒေါ်နီ(ခ)ဒေါ်မိမိလေးနှင့် ဒေါ်အေး၊ ၂၀၀၁ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၂၅၉)**

**ရောင်းရန်ပဋိညာဉ်ချုပ်ဆိုရုံဖြင့် ဝယ်သူသည်အခွင့်အရေးမရှိခြင်း**

ပစ္စည်းလွှဲပြောင်းအက်ဥပဒေပုဒ်မ ၅၄ အရ ရောင်းရန်ပဋိညာဉ် ချုပ်ဆိုရုံဖြင့် ဝယ်သူသည် ပစ္စည်းပေါ်၌ မည်သည့်အခွင့်အရေးမျှမရှိကြောင်း "A contract for the sale of immoveable property is a contract that a sale of such property shall take place on terms settled between the parties. It does not, of itself create any interest in or charge on such property." ဟုပြဋ္ဌာန်းထားသည်။ **(ဦးမြင့်စိုးနှင့် ဦးတင်ရွှေပါ၂၊ ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၃၆၈(၃၇၆))**

**ပဋိညာဉ်ကိုသီးခြားအတည်ပြုလုပ်ခြင်း**

သို့ရာတွင် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၂ (ဂ) တွင် ဆောင်ရွက်ရန် သဘောတူသည့်ကိစ္စမှာ မဆောင်ရွက်သည့်အတွက် ငွေကြေးအားဖြင့် လျော်ကြေးပေးသော်လည်း လုံလောက်သည့် သက်သာခွင့် မရနိုင်သည့်ကိစ္စဖြစ်လျှင် ယင်းပဋိညာဉ်ကို သီးခြားအတည်ပြုလုပ်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

ရောင်းချမည်ဆိုသော ပဋိညာဉ်ရှိသည့် အကြောင်းကြောင့် ဝယ်မည့်သူသည် ပစ္စည်းအပေါ်၌ ပိုင်ဆိုင်ခွင့် မရရှိသေးသော်လည်း ထိုပစ္စည်းနှင့်ပတ်သက်၍ အရောင်းစာချုပ်ချုပ်ဆိုပေးရန် သီးခြားဆောင်ရွက်စေနိုင်ခွင့်ရှိသောကြောင့် လုံးဝအခွင့်အရေး မရှိဟု မဆိုသာပေ၊ သို့ဖြစ်ရာ ဝယ်မည့်သူသည် ပစ္စည်းကို အာမခံထားခွင့်ရှိပြီး အာမခံထားခဲ့လျှင် ပစ္စည်းဆုံးရှုံးမှုအတွက် အာမခံကုမ္ပဏီမှ လျော်ကြေးတောင်းဆိုခွင့်ရှိပေသည်။ **(ဂျီစွန်ဒရမ်နှင့် ဖေါလကန် အင်ရှုးဝါရင်း ကုမ္ပဏီ၊ အတွဲ ၉ ရန်ကုန် ၄၅၂)**

ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုတွင် တရားလိုသည် ၎င်းနှင့်တရားပြိုင်အကြားတွင် ပြီးမြောက်သော ပဋိညာဉ်ရှိကြောင်း၊ ပဋိညာဉ်ပါ ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို ဆောင်ရွက်ရန် အဓိကကျသည့်နေ့ရက်များတွင် အသင့်ရှိသည့်အပြင် အာသီသလည်း ရှိကြောင်း၊ ထို့ပြင် ပဋိညာဉ်အတိုင်း ဆောင်ရွက်နိုင်ကြောင်း သက်သေပြရမည်။ ပဋိညာဉ်အတိုင်းဆောင်ရွက်စေခြင်းမှာ တရားရုံးက မိမိသဘောအတိုင်း ခွင့်ပြုရသည့်ကိစ္စဖြစ်သည်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ပဋိညာဉ်အတိုင်း သီးခြားဆောင်ရွက်စေရန် စွဲဆိုမှု သက်သက်ဖြစ်ပါမူ၊ ဆိုလိုသည်မှာ အရောင်းပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေရန်နှင့် လွှဲပြောင်းစာချုပ် ချုပ်ဆိုရန်ဖြစ်လျှင် ထိုအမှုတွင် ပစ္စည်း၏ပိုင်ဆိုင်မှုကို အဆုံးအဖြတ်ပေးရန် မဟုတ်ပေ။ ထိုအမှုများ၌ အငြင်းပွားသောတစ်ခုတည်းသောပြဿနာမှာ ပဋိညာဉ်ပြုလုပ်ခြင်းရှိ မရှိ၊ ရှိလျှင် သီးခြားဆောင်ရွက်ပေးသင့်သော အကြောင်းရှိ မရှိဖြစ်သည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပဋိညာဉ်အတိုင်း သီးခြားဆောင်ရွက်စေရန်နှင့် ပစ္စည်းလက်ရောက်ရလိုမှု ဖြစ်လျှင် အချင်းဖြစ်ပစ္စည်း၏ ပိုင်ဆိုင်မှုကို တရားရုံးက အဆုံးအဖြတ်ပေးရမည်။ ဤအမှုတွင် ဦးအောင်ကျော်မင်းတို့က ဦးစိုးမြင့်အပေါ် အချင်းဖြစ်မြေနှင့်အိမ်ကို ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်နှင့် ပစ္စည်းလက်ရောက်ပေးအပ်ရန် တရားစွဲဆိုခြင်းဖြစ်သဖြင့် အချင်းဖြစ်ပစ္စည်းကို ဦးစိုးမြင့်က တရားဝင်ပိုင်ဆိုင်မှု ရှိ မရှိကို ထည့်သွင်းစဉ်းစားရမည်။ **(ဦးစိုးမြင့်နှင့် ဦးအောင်ကျော်မင်းပါ၂ ၊ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၆၇)**

အရောင်းအဝယ်ကတိစာချုပ်တွင် အခြားသူတစ်ဦးဦးအား လွှဲပြောင်းရောင်းချလျှင် ရောင်းသူမှ ဝယ်သူသို့ စရန်ငွေ ၂ ဆ ပေးလျော်ရန် စည်းကမ်းချက်ပါရှိခြင်း၊ ရောင်းသူက ပဋိညာဉ်ဖောက်ဖျက်သည့်အခါ ဝယ်သူအား လျော်ကြေးငွေပေးစေလျှင် လုံလောက်သည့် သက်သာခွင့်ရသည်ဟုဆိုနိုင်ခြင်း ရှိ မရှိ။ ပုဒ်မ ၂၇ (ခ)အရ မူလပဋိညာဉ်ပြုပြီးမှ ပေါ်ပေါက်လာသည့် ပိုင်ဆိုင်ခွင့်ရှိသူတစ်ဦးအပေါ် မူလပဋိညာဉ်အတိုင်း သီးခြားအတည်ပြုဆောင်ရွက်စေနိုင်ပါသည်။ **(ဦးမြမောင်နှင့် ဦးဝမ်စွိ(ခ)တန်ဝမ်စွိပါ-၇/ဦးတင်ဦး ပါ-၈ ၊ ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၁၅)**

ဝယ်ယူသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ ယခင်ရောင်းချရန်ပဋိညာဉ်ရှိကြောင်းကို သိလျက်နှင့် အချင်းဖြစ်ပစ္စည်း ဝယ်ယူသူအပေါ် ထိုပဋိညာဉ်အတိုင်း သီးခြားအတည်ပြုလုပ်နိုင်ကြောင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇ အရ ပဋိညာဉ်တွင် ပါဝင်ချုပ်ဆိုသူတို့အပေါ်တွင်သာမက တရားပြိုင်တို့က လွှဲပြောင်းပေးသဖြင့် ပိုင်ရေးပိုင်ခွင့်ရရှိလာသူတို့အပေါ်တွင်ပါ အတည်ပြုလုပ်နိုင်ကြောင်း ထုံးဖွဲ့သည်။ **(ကိုဖန်ငါးနှင့် ဒေါ်ပွေးနှင့် အခြားသူများ၊ ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၄၅၇)**

*စာမျက်နှာ ၁၇ သို့*

# ပညာရေးဝန်ကြီးဌာန
# ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်
# ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေး ဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက် (၁၂) နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်ရန်။

## မင်းတုန်းမြို့နယ် မှန်ကျေးရွာအုပ်စု မီးဘေးသင့် အိမ်ထောင်စုများအား မျိုးစပါးနှင့် မျိုးနှမ်းများ ထောက်ပံ့

**မင်းတုန်း မေ ၁၂**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် မှန်(ရွာမ)နှင့် မှန်(ကျွန်းတော) ကျေးရွာတို့တွင် မတ် ၂၁ ရက်က တောမီးမှတစ်ဆင့် နေအိမ် ၁၅၃ လုံး မီးလောင်မှုဖြစ်ပေါ်ခဲ့ရာ မီးဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေး အတွက် မျိုးစပါး၊ မျိုးနှမ်း၊ ဆန်၊ ဆီနှင့် ဆိုလာမီးလုံးများကို ကျေးရွာ ဘုန်းကြီးကျောင်း၌ မေ ၁၁ ရက်က ထောက်ပံ့ပေးအပ်သည်။

မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်ရာတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆင်းသုခမျိုးစပါး တင်း ၁၀၀၊ မျိုးနှမ်း (မကွေးနက်၂/၂၃)မျိုး ၁၂ တင်း၊ ဆန်အိတ် ၄၀ နှင့် ဆီပိဿာ ၁၆၀၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အလှူရှင်များက မျိုးစပါး ၁၀၅ တင်း၊ မျိုးစေ့ထုတ်တောင်သူများအသင်းမှ မျိုးစပါး ၁၁၄ တင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ လှူဒါန်းသော ဆိုလာမီးလုံး ၁၈၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးတို့က ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



*စာမျက်နှာ ၁၆ မှ*

**ဖောက်ဖျက်သူထံမှလျော်ကြေးရခွင့်**

ငြင်းပယ်ခြင်းမြောက်အောင် ပဋိညာဉ်အရ ပြုလုပ်ရမည့် တာဝန်ကို ပြုလုပ်ဆောင်ရွက်ရန် မည်သို့ ငြင်းပယ်ရမည်နည်းဟူမူ လုံးလုံးလျားလျား ငြင်းဆိုရမည် (total refusal) သို့မဟုတ် အကြွင်းမဲ့ ငြင်းဆိုခြင်း (absolute refusal) ဟု ဆိုရပေလိမ့်မည်။ ပဋိညာဉ်ပြုသူတစ်ယောက်သည် ပဋိညာဉ်အတိုင်း ၎င်းက မဆောင်ရွက်နိုင်ကြောင်း သို့မဟုတ် မဆောင်ရွက်လိုကြောင်းကို ၎င်း၏ပြုမူချက် (conduct) ဖြင့် သိစေလျှင်၊ ပဋိညာဉ်အရ ၎င်းပေါ်ကျရောက်သော တာဝန်ကို ငြင်းပယ်ရာရောက်သဖြင့် အခြားတစ်ဖက်တွင် ပဋိညာဉ်ပြုသူသည် ထိုငြင်းပယ်ချက်ကြောင့် နစ်နာလျှင် လျော်ကြေးရခွင့်ရှိသည်။ **(၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၄၃(၄၄))**

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၄ အရလည်း ပဋိညာဉ်ကို ဖောက်ဖျက်သောအခါ ထိုသို့ဖောက်ဖျက်ပါက ပေးရန်ဖြစ်သော ငွေပမာဏကို ပဋိညာဉ်တွင်ဖော်ပြထားလျှင် ထိုသို့ဖောက်ဖျက်ခြင်းကြောင့် အမှန်တကယ် ပျက်စီးဆုံးရှုံးမှုရှိကြောင်း ထင်ရှားသည်ဖြစ်စေ၊ မထင်ရှားသည်ဖြစ်စေ ဖောက်ဖျက်ကြောင်း တိုင်တန်းသူသည် ဖောက်ဖျက်သူထံမှ ထိုဖော်ပြသော ငွေကြေးပမာဏကို ရပိုင်ခွင့်ရှိသည်။

အရောင်းအဝယ်ကတိစာချုပ်တွင် ဝယ်သူမှ စရန်ငွေပေးချေပြီးနောက်တွင် ရောင်းသူများ၏ ပျက်ကွက်မှုကြောင့် အရောင်းအဝယ် အထမမြောက်ပါကလည်းကောင်း၊ အခြားတစ်ဦးဦးအား လွှဲပြောင်းရောင်းချလျှင်သော်လည်းကောင်း ရောင်းသူများက ဝယ်ယူသူ၏ နစ်နာကုန်ကျစရိတ်များနှင့် ဝယ်သူထံမှ ကြိုတင်ရယူထားသော စရန်ငွေ၏ ၂ ဆဖြစ်သည့်ငွေကို ဝယ်သူသို့ ရောင်းသူမှပေးလျော်ရန် နှစ်ဦးနှစ်ဖက်သဘောတူညီကြကြောင်း စည်းကမ်းချက်တစ်ရပ် ပါရှိသည်။

ယင်းစည်းကမ်းချက်မှာ ရောင်းသူက အရောင်းအဝယ်ပဋိညာဉ်ကို ပျက်ကွက်မှုမရှိစေရန်အတွက် အာမခံချက်တစ်ရပ်အဖြစ် ထည့်သွင်းထားခြင်းဖြစ်သည်။ ဝယ်ယူသူသည် အရောင်းအဝယ်ပြုလုပ်သည့် ပစ္စည်းကိုရယူလိုသဖြင့် အဖိုးစားနားပေးကာ ဝယ်ယူခြင်းဖြစ်သည်။ အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုခြင်းမှာ ရောင်းသူက အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းကို အဖိုးစားနားဖြင့် ဝယ်သူအား လွှဲပြောင်းရောင်းချရန်သာဖြစ်သည်။ ဝယ်သူက ရောင်းသူထံမှ လျော်ကြေးတောင်းရန် ရည်ရွယ်ချက်ဖြင့် ချုပ်ဆိုခြင်းမဟုတ်ကြောင်း မြင်သာသည်။ ထို့ကြောင့်ပင် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၂ ၏ ရှင်းလင်းချက်တွင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအား လွှဲပြောင်းပေးရန် ပဋိညာဉ်ကိုဖောက်ဖျက်သည့်အတွက် ငွေကြေးအားဖြင့် လျော်ကြေးပေးသော်လည်း လုံလောက်သည့် သက်သာခွင့်မရနိုင်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

"အရောင်းအဝယ်ပျက်ပြယ်သဖြင့် ပေးသွင်းထားသောငွေကို ပြန်လည်ပေးအပ်ရန်နှင့်စပ်လျဉ်း၍ ပဋိညာဉ်အက်ဥပဒေတွင် ပြဋ္ဌာန်းထားချက်များမတွေ့ရပေ။ ဤပြဿနာကို ဆုံးဖြတ်ရာ၌ ပေးသွင်းသောငွေသည်ရောင်းငွေအတွက် တစ်စိတ်တစ်ဒေသအားဖြင့် ပေးသွင်းခဲ့လျှင် ရောင်းသူသော်လည်းကောင်း၊ ဝယ်သူသော်လည်းကောင်း ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန်ပျက်ကွက်က ထိုငွေကို ပြန်လည်ပေးအပ်ရမည်"ဟု **ဘာဘူကနီရာလား(လ်)ဒနုကာနှင့် မက်ဆား(စ်) ရွှေပြည်စိုးဖလင်ကုမ္ပဏီအမှု၊ ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး(တရားရုံးချုပ်)၊ စာ ၁၉၅** တွင် စီရင်ထုံးဖွဲ့ထားသည်။

မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုဝယ်ယူရန် ပဋိညာဉ်ပြုလုပ်သော ဝယ်သူက စရန်ငွေကိုပေးထားရာ ပဋိညာဉ်အတိုင်း အပြီးသတ်ဆောင်ရွက်ရန် အချိန်စေ့ရောက်သောအခါ ရောင်းသူသည် အပြီးသတ်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် ဝယ်သူသည် ပဋိညာဉ်ကို ဖျက်သိမ်းသည်ဟုမှတ်ယူ၍ စရန်ငွေကို ရလိုကြောင်း စွဲဆိုနိုင်သည်၊ (သို့မဟုတ်) ပဋိညာဉ်ကို ဆက်လက်အတည်ဖြစ်သည်ဟုမှတ်ယူ၍ ပဋိညာဉ်ကိုချိုးဖောက်သည့်အတွက် နစ်နာကြေး ရလိုမှုစွဲဆိုနိုင်သည်၊ (သို့မဟုတ်) ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေရန် စွဲဆိုနိုင်သည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၄ အရလည်း ပဋိညာဉ်ကိုဖောက်ဖျက်သောအခါ ထိုသို့ဖောက်ဖျက်ပါက ပေးရန်ဖြစ်သော ငွေပမာဏကို ပဋိညာဉ်တွင်ဖော်ပြထားလျှင် ထိုသို့ဖောက်ဖျက်ခြင်းကြောင့် အမှန်တကယ် ပျက်စီးဆုံးရှုံးမှုရှိကြောင်း ထင်ရှားသည်ဖြစ်စေ၊ မထင်ရှားသည်ဖြစ်စေ ဖောက်ဖျက်ကြောင်း တိုင်တန်းသူသည် ဖောက်ဖျက်သူထံမှ ထိုဖော်ပြသောငွေကြေးပမာဏကိုရပိုင်ခွင့်ရှိသည်။ သက်သေခံအမှတ်(က) ခြံမြေအရောင်းအဝယ် စရန်ပေးစာချုပ်တွင် ရောင်းသူကပျက်ကွက်ပါက စရန်ငွေ၏နှစ်ဆကို ပေးလျော်မည်ဟု နှစ်ဦးနှစ်ဖက် သဘောတူညီထားကြသဖြင့် စရန်ငွေ ၅၀၀၀၀/– ၏ နှစ်ဆဖြစ်သော ငွေ ၁ သိန်းကျပ်ကို ဝယ်သူအယူခံတရားလိုကရပိုင်ခွင့်ရှိသည်။ **(ဒေါ်နီ(ခ) ဒေါ်မိမိလေးနှင့် ဒေါ်အေး၊ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၂၅၉(၂၇၀))**

**တရားစွဲဆိုရန်အကြောင်း**

အရောင်းအဝယ်ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုတွင် တရားစွဲဆိုရန်အကြောင်းကို ဖြစ်မြောက်စေသည့် အကြောင်းခြင်းရာများမှာ–

(၁) အချင်းဖြစ်မြေသည် တရားပြိုင်ပိုင်ဖြစ်ခြင်း၊

(၂) တရားပြိုင်က တရားလိုအား ထိုပစ္စည်းကို အဖိုးစားနားဖြင့် ရောင်းချရန်ပဋိညာဉ်ပြုခြင်း၊

(၃) တရားလိုသည် အဖိုးစားနားကို အပြည့်အဝပေးချေပြီးခြင်း သို့မဟုတ် အချို့အဝက် ပေးချေ၍ ကျန်ငွေကိုပေးချေရန် အသင့်ရှိခြင်း၊

(၄) တရားပြိုင်သည် မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်လျက်ရှိခြင်းတို့ဖြစ်သည်။ **(ဒေါ်ညွန့်ကြည်နှင့် ဒေါ်မြမြစန်းပါ၂/ဒေါ်ညွန့်ကြည်နှင့် ဒေါ်မြမြစန်းပါ၂နှင့် ဒေါ်မြမြစန်းပါ၂ နှင့် ဒေါ်ညွန့်ကြည်၊ ၂၀၂၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၇(၃၃))**

ရောင်းချရန် ပဋိညာဉ်သို့မဟုတ် စရန်ပေးစာချုပ်များသည် စာချုပ်ချုပ်ဆိုသူများ၏ ရပိုင်ခွင့်များ၊ တာဝန်များကို မှတ်တမ်းအဖြစ် ဆောင်ရွက်သည်။ ရောင်းချရန် ပဋိညာဉ် သို့မဟုတ် စရန်ပေးစာချုပ်များသည် ချုပ်ဆိုသူတို့အကြား အခကြေးငွေရရှိရန် ဆောင်ရွက်ပေးပါသည်။ ရောင်းချရန် ပဋိညာဉ် သို့မဟုတ် စရန်ပေးစာချုပ်များသည် ဝင်ငွေတိုးရန် အခွင့်အလမ်းလည်း ဖြစ်ပါသည်။ ရောင်းချရန် ပဋိညာဉ် သို့မဟုတ် စရန်ပေးစာချုပ်များသည် ချုပ်ဆိုသူများအကြား အငြင်းပွားမှုများကို တားဆီးပေးခြင်းဖြင့် ကုန်သွယ်စီးပွား ဆက်သွယ်တိုးတက်မှုကို အထောက်အကူပြုသကဲ့သို့ တစ်ဖက်တွင်လည်း အငြင်းပွားမှုများ၏ အခြေခံအစပြုရာ စာချုပ်စာတမ်းတစ်ခုဖြစ်ပေရာ ရောင်းချရန် ပဋိညာဉ်နှင့် ပတ်သက်သည့် ဥပဒေသဘောတရားများကို အလွယ်တကူလေ့လာနိုင်စေရန် စုစည်းတင်ပြအပ်ပါသည်။ ။

# ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရဲ့ လည်ပတ်စရာနေရာတစ်ခုဖြစ်လာတဲ့ ခိုလမ်ရေပြာအိုင်

ယဉ်လာဒ်



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ခိုလမ်မြို့မှာရှိတဲ့ ခိုလမ်ရေပြာအိုင်ဟာ သဘာဝရေထွက်ပေါက်ကနေ ဖြစ်တည်လာတဲ့ ရေပြာအိုင်ဖြစ်ပြီး အခုဆိုရင် ခိုလမ်မြို့ရဲ့ အထင်ကရ လည်ပတ်စရာနေရာတစ်ခု ဖြစ်လာကာ ပြည်တွင်းခရီးသွားတွေ လာရောက်လည်ပတ်နေကြတဲ့ နေရာဒေသတစ်ခု ဖြစ်လာနေပါပြီ။

### ဖွံ့ဖြိုးတိုးတက်လာတဲ့ မြို့တစ်မြို့

ခိုလမ်ရေပြာအိုင်ဟာ နမ့်စန်မြို့နဲ့ ခိုလမ်မြို့ကြားမှာ တည်ရှိပြီး နမ့်စန်မြို့ကနေလာရင် နာရီဝက်ခန့်ကြာမြင့်ပြီး တောင်ကြီးကနေ ကားနဲ့လာရင်တော့ အချိန်ငါးနာရီခန့် ကြာမြင့်မှာ ဖြစ်ပါတယ်။ ခိုလမ်မြို့ဟာ ယခင်က ရွာအဆင့်သာဖြစ်ခဲ့ပေမယ့် လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်လောက်ကစပြီး မြို့အဆင့်သတ်မှတ်ပေးခဲ့ပြီးနောက်မှာ ဖွံ့ဖြိုးတိုးတက်လာတဲ့ မြို့တစ်မြို့အဖြစ် တည်ရှိလာခဲ့ပါတယ်။

လက်ရှိမှာတော့ ခိုလမ်မြို့ပေါ်မှာ မြောင်ဇီးလူမျိုး၊ ရှမ်းလူမျိုးနဲ့ လားဟူလူမျိုးတွေနေထိုင်ကြပြီး ဘာသာစကားအနေနဲ့ ရှမ်းစကား၊ ဗမာစကားတို့ကို ပြောကြားသလို ရှမ်းစာ၊ ဗမာစာ၊ တရုတ်စာတို့ကို သင်ကြားပေးနေတဲ့ စာသင်ကျောင်းများလည်းရှိကြောင်း ခိုလမ်ရေပြာအိုင်ခရီးစဉ်ကို ဖော်ဆောင်နေတဲ့ ကိုသားငယ်က စာရေးသူကို ပြောပါတယ်။

### အချက်အချာကျတဲ့ မြို့တစ်မြို့ဖြစ်လာနိုင်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်ကလည်း နောင်တစ်ချိန်မှာ ခိုလမ်မြို့ဟာ အချက်အချာကျတဲ့ မြို့တစ်မြို့ဖြစ်လာနိုင်ကြောင်း၊ ခိုလမ်မြို့ကို ဆုံမှတ်ထားပြီး ကမ္ဘာကျော် ဟိုက်ပါရေတံခွန်၊ ကျိုင်းတောင်းရေတံခွန်နဲ့ နောင်ဖာကန်စတဲ့ ခရီးစဉ်ဒေသတွေကို တစ်ဆင့်သွားရောက်လည်ပတ်နိုင်ကြောင်း စာရေးသူကို ပြောပါတယ်။

"နောင်မှာတော့ ခရီးသွားအလားအလာကောင်းတဲ့ အချက်အချာကျတဲ့မြို့ဖြစ်လာမှာပါ။ ခိုလမ်က လမ်းဆုံဖြစ်သွားတယ်။ ခိုလမ်ကနေ မြောက်ဘက်ကို နှစ်နာရီလောက်သွားရင် ဟိုက်ပါရေတံခွန်ကို ရောက်မယ်။ တောင်ဘက်ကို တစ်နာရီလောက်သွားရင် ကျိုင်းတောင်းရေတံခွန်ကို ရောက်ပါတယ်။ ဒါတင်မကသေးပါဘူး။ ခိုလမ်ကနေ နာရီဝက်လောက်သွားရင် နောင်ဖာကန်ကိုလည်း ရောက်တာမို့ ခရီးသွားအလားအလာကောင်းတဲ့ အချက်အချာနေရာတစ်ခု ဖြစ်လာမှာ"လို့ ညွှန်ကြားရေးမှူးက ဆိုပါတယ်။



ခိုလမ်ရေပြာအိုင်သို့ လာရောက်လည်ပတ် အပန်းဖြေကြသူများ။

**ခိုလမ်ရေပြာအိုင်နဲ့ဆက်စပ်ပြီး ခိုလမ်ရေပူစမ်း၊ နမ့်မောင်းချောင်းရေတံခွန်၊ နမ့်ဟူးရှေးဟောင်းဘုရားလိုဏ်ဂူတို့ဆီကိုလည်း သွားရောက်လည်ပတ်နိုင်ပါတယ်။ လက်ရှိမှာတော့ ခိုလမ်ရေပြာအိုင်ကို လာရောက်တဲ့ ခရီးသွားတွေအတွက် နားနေဖို့အဆင်ပြေအောင် စားသောက်ဆိုင်တွေအပြင် ယာဉ်ရပ်နားကွင်းနဲ့ အများသုံးသန့်စင်ခန်းတွေကို ထားရှိပေးထားပြီး ခရီးသွားတွေအတွက် လည်ပတ်စရာနေရာတစ်ခုဖြစ်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်**

### သဘာဝရေထွက်ပေါက်

ခိုလမ်ရေပြာအိုင် ဖြစ်ပေါ်လာပုံကလည်း ထူးခြားလှတယ်လို့ ဆိုရပါမယ်။ အေဒီ ၇၅၄ ခုနှစ်မှာ တည်ထားခဲ့တယ်လို့ဆိုတဲ့ ရှေးဟောင်းဘုရားရှိရာ နမ့်ဟူးဘုရားလိုဏ်ဂူရဲ့ အောက်ခြေကနေ ရေချောင်းနှစ်ခုဖြစ်ပေါ်လာပြီး အောက်ပိုင်းမှာ ရေချောင်းတစ်ခုအဖြစ် ပေါင်းဆုံပြီး သဘာဝရေထွက်ပေါက် တစ်ခုအနေနဲ့ ဖြစ်ပေါ်လာခဲ့တယ်လို့ ကိုသားငယ်က စာရေးသူကို ပြောပါတယ်။

"ဒါ့အပြင် ဒီဘုရားရဲ့ ထူးခြားချက်က လပြည့်လကွယ်နေ့ဆိုရင် လိုဏ်ဂူထဲကနေ မျောက်မြီးရှည်တွေထွက်လာပြီး အစာရှာထွက်ပြီး ဂူထဲကို ပြန်ဝင်သွားကြပါတယ်။ လပြည့်လကွယ်ရက် မဟုတ်ရင် ဂူထဲကနေမထွက်လာဘဲ နေတတ်တယ်"လို့ ကိုသားငယ်က ဆက်ပြောပြပါတယ်။

"နမ့်ဟူးဘုရားလိုဏ်ဂူက ထမ်စမ်းဂူလိုမျိုးပေါ့။ အထဲမှာ ဘုရားဆင်းတုတော်တွေရှိပါတယ်။ ဂူဝကြီးကတော့ ပိတ်ထားပါတယ်။ တခြားဂူပေါက်သေးသေးလေးတွေတော့ရှိတယ်။ ဘုရားကိုလာဖူးပြီး ကျွန်တော်တို့ ရေပြာအိုင်ကို လာရောက်ရင် နာရီဝက်လောက်ပဲကြာပါတယ်။ သင်္ကြန်ကာလတုန်းကဆို ခိုလမ်ရေပြာအိုင်ဆီ ဧည့်သည်ပေါင်းထောင်ကျော် လာရောက်လည်ပတ်ရေကစားခဲ့ကြပါတယ်။ ကားအစီးရေ ၂၀၀ ကျော် ယာဉ်ရပ်နားကွင်းမှာ ပြည့်တဲ့အထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ ယာဉ်ရပ်နားကွင်းမှာ ရပ်လို့မရတဲ့ ကားတွေဆို လမ်းမပေါ်မှာတောင် ရပ်ရတဲ့အထိဖြစ်ခဲ့ပါတယ်"လို့ ကိုသားငယ်က ပြောပါတယ်။

ခိုလမ်ရေပြာအိုင်နဲ့ ဆက်စပ်ပြီး ခိုလမ်ရေပူစမ်း၊ နမ့်မောင်းချောင်းရေတံခွန်၊ နမ့်ဟူးရှေးဟောင်းဘုရားလိုဏ်ဂူတို့ဆီကိုလည်း သွားရောက်လည်ပတ်နိုင်ပါတယ်။

### လည်ပတ်စရာနေရာတစ်ခုဖြစ်အောင် ဆောင်ရွက်

လက်ရှိမှာတော့ ခိုလမ်ရေပြာအိုင်ကို လာရောက်တဲ့ ခရီးသွားတွေအတွက် နားနေဖို့အဆင်ပြေအောင် စားသောက်ဆိုင်တွေအပြင် ယာဉ်ရပ်နားကွင်းနဲ့ အများသုံးသန့်စင်ခန်းတွေကို ထားရှိပေးထားပြီး ခရီးသွားတွေအတွက် လည်ပတ်စရာနေရာတစ်ခုဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ခိုလမ်ရေပြာအိုင်ဆီကို တောင်ကြီး–ဟိုပုန်း –မိုင်းပွန်– လွယ်လင်– နမ့်စန်–ခိုလမ် လမ်းကြောင်းအတိုင်း အလွယ်တကူ သွားရောက်လည်ပတ်နိုင်တာမို့ နမ့်စန်ခရိုင် ခိုလမ်မြို့က ရေပြာအိုင်ဆီကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြလိုက်ရပါတယ်။ ။





ရေပြာအိုင်ဝန်းကျင်မှ သစ်ပင်ရိပ်များအောက်တွင် အနားယူနေသူများနှင့် ရေပြာအိုင်အတွင်းဆင်း၍ ရေကစားအနားယူနေသူများ။

# အင်းတကော်၌ သန္တိသုခနဂါးရုံမြတ်စွာဘုရား ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကျင်းပ



**အင်းတကော် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့ ကျိုက်သီရိဓမ္မသိုက်စေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ်အနီး မင်္ဂလာမဏ္ဍပ်တွင် မေ ၁၂ ရက် နံနက်ပိုင်းက သန္တိသုခနဂါးရုံမြတ်စွာဘုရား ဗုဒ္ဓါဘိသေကအနေကဇာတင်အလှူမင်္ဂလာပွဲကို စည်ကားစွာ ကျင်းပသည်။

ရှေးဦးစွာ ရေစက်ချ အလှူတော်မင်္ဂလာ တရားတော်ကို အင်းတကော်မြို့ သဒ္ဓမ္မအလင်းရောင် ကျောင်းတိုက်ဆရာတော် ဦးဇာဂရက ရေစက်ချမြတ်တရားရေအေး မိန့်ကြားတော်မူ၍ ရန်ကုန်မြို့နေ အလှူရှင် အလှူဒါယကာ ဦးကျော်ဝင်း+ဒေါ်စန်းစန်းမြင့်နှင့် သမီး ဒေါ်မီမီကျော် (ME & GEMS) မိသားစုနှင့်အတူ ရပ်နီးရပ်ဝေးမှ လာရောက်ဖူးမြော်ကြသော ပြည်သူများက သာဓုအနုမောဒနာ ခေါ်ယူကြသည်။

အဆိုပါ ဉာဏ်တော်အမြင့် ၄၅ ပေ ရှိသော သန္တိသုခ နဂါးရုံမြတ်စွာဘုရား တည်ဆောက်ရန်အတွက် ကျပ်သိန်းလေးထောင်ကျော် မတည်လှူဒါန်း၍ ယမန်နှစ် စက်တင်ဘာ ၁၆ ရက်က မြေသန့်မင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့ကြောင်း လှူဒါန်းမှုအစုစုကို မပြီးစီးသေးသည့်အတွက်ကြောင့် ခန့်မှန်း၍ မရနိုင်သေးကြောင်း အလှူရှင် မိသားစုဝင်တစ်ဦးက ပြောသည်။ ယခုဘုရား ဗုဒ္ဓါဘိသေက အနေကဇာအလှူတော် ဘုရားပွဲလာပြည်သူများအား မင်္ဂလာမဏ္ဍပ်နှင့် ဘုရားရင်ပြင်တော်ပေါ်တွင် စတုဒိသာ၊ ထမင်း၊ ဟင်းများနှင့် ညှော်ခံကျွေးမွေး၍ တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှင့် လက်ဆောင်ပစ္စည်းများကို အလှူရှင်များက လက်ဆောင် ပေးအပ်သည်။ ယခုအခါ ဘုရားဗုဒ္ဓါဘိသေကအနေကဇာတင်အလှူမင်္ဂလာပွဲကို ဘုရားပွဲလာပြည်သူ လူဦးရေ သုံးထောင်ကျော်ခန့် လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေး

**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရထားရပ်ကွက် သာသနာဟိတဓမ္မာရုံ၌ မေ ၁၂ ရက်က ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် မင်္ဂလာတောင်ညွန့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ခိုင်နှင့် ဝန်ထမ်းများက အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို တစ်ပါတည်းပြုလုပ်ပေးကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



# ဒေင်ငွေစုငွေချေးသမအသင်း စုဆောင်းငွေအတိုးများပေးအပ်

**မြစ်ကြီးနား မေ ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကြာရာပတ္တီး (A) ရပ်ကွက်ရှိ ဒေင်ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို AG ဘုရားကျောင်း၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အသင်းသား အသင်းသူများ တက်ရောက်သည်။

အစည်းအဝေးတွင် အသင်းမှ အစုပေါ်အမြတ်ငွေကျပ် ၂၉၇၅၀၀၀၊ စုဆောင်းငွေပေါ် အတိုးငွေကျပ် ၈၂၄၉၀၀၀ နှင့် တက်ရောက်လာသည့် အသင်းသား အသင်းသူ ၁၅၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၇၅၀၀ နှုန်းဖြင့် ငွေကျပ် ၁၁၂၅၀၀၀ စုစုပေါင်းငွေကျပ် ၁၃၃၄၉၀၀၀ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းပန်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ကွင်းဆင်းဆောင်ရွက်

**မိုင်းပန် မေ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို မိုင်းပန်မြို့နယ် အနောက်ရပ်ကွက်ရှိ ကက်သလစ်သာသနာဘုရားရှိခိုးကျောင်း၌ ယနေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲတွင် ကက်သလစ် သာသနာဘုရားရှိခိုးကျောင်း၊ လူငယ်လူရွယ်များအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိရွှေစင်လတ်က လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေးအကြောင်းအရာများ၊ စာဖတ်ရှိန်မြှင့်တင်ရေး အကြောင်းအရာများကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုရဲမှူး မျိုးမြင့်ဆွေက နွေရာသီကျောင်းပိတ်ရက်အတွင်း လူငယ်များအချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ အားလပ်ချိန်များအတွင်း ဗဟုသုတရရှိစေရန် စာပေများကို ဖတ်ရှုလေ့လာသင့်ကြောင်းနှင့် မိုဘိုင်းဖုန်းများကို အကျိုးရှိစွာ အသုံးချတတ်စေရေး အကြောင်းအရာများကို လည်းကောင်း ရှင်းလင်းဟောပြောကြောင်း သိရသည်။ **(အောက်ပုံ)**

**နော်မှိုင်း(ပြန်/ဆက်)**



## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၁၂-၅-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | အောင်လံ | ၄၂.၆ | ၁၀၈.၇ |
| ၂။ | တောင်တွင်းကြီး | ၄၂.၅ | ၁၀၈.၅ |
| ၃။ | ကျောက်ဆည်(လွန်ကျော်) | ၄၂.၀ | ၁၀၇.၆ |
| ၄။ | မင်းဘူး | ၄၁.၅ | ၁၀၆.၇ |
| ၅။ | ရွှေကျင် | ၄၁.၅ | ၁၀၆.၇ |
| ၆။ | ညောင်ဦး | ၄၁.၃ | ၁၀၆.၃ |
| ၇။ | ချောက် | ၄၁.၃ | ၁၀၆.၃ |
| ၈။ | မကွေး | ၄၁.၃ | ၁၀၆.၃ |
| ၉။ | ပြည် | ၄၁.၂ | ၁၀၆.၂ |
| ၁၀။ | ငါးသိုင်းချောင်း | ၄၁.၂ | ၁၀၆.၂ |
| ၁၁။ | မော်လမြိုင် | ၄၁.၂ | ၁၀၆.၂ |

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၂ - ၅ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၂၅ ကျပ် | ၂၄၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၇၀ ကျပ် | ၂၄၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၆၀ ကျပ် | ၂၇၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၆၅ ကျပ် | ၂၈၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၈၀၀ | ၉၆၂ | ၈၃၆၉၉၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၆၇၆၃ | ၁၉၉၅၀၈၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၅၀ | ၁၅၀၀ | ၃၅၅၂ | ၅၃၇၈၀၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၆၅၀ | ၁၆၅၀ | ၃၀၀၁၃ | ၄၉၅၂၁၄၅၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၂၁၀၀ | ၂၁၅၀ | ၂၆၈၃ | ၅၇၃၄၇၀၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာန၏ မဲခေါင် - လန်ချန်း အထူးရန်ပုံငွေဖြင့် ဒေသတွင်းနိုင်ငံများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး

ကျေးလက်ညီညီ

စာရေးသူသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် လူထုဗဟိုပြုစီမံကိန်း အတွေ့အကြုံဖလှယ်ရေး အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးခရီးစဉ်များအတွက် ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့ဖူးပါသည်။ ၂၀၂၃ ခုနှစ်အတွင်း ၂၆-၁၁-၂၀၂၃ ရက်နေ့ မှ ၂-၁၂-၂၀၂၃ ရက်နေ့အထိ ထိုင်းနိုင်ငံ၏ Sufficiency Economic Philosophy-SEP အစီအစဉ်နှင့် ဆောင်ရွက်ထားသည့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အကောင်အထည်ဖော်မှု အခြေအနေများကို Theory ပိုင်း လေ့လာခြင်း၊ ကျေးရွာနှစ်ရွာကို လက်တွေ့ကွင်းဆင်းလေ့လာခြင်းတို့ကို **“ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာန၏ မဲခေါင်-လန်ချန်းအထူးရန်ပုံငွေ”**မှ ထောက်ပံ့ငွေဖြင့် ကျခံကာ ဖိတ်ကြားချက်အရ သွားရောက်ခဲ့ပါသည်။ အဆိုပါ ထောက်ပံ့ငွေဖြင့်ပင် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လန်ချန်း-မဲခေါင်စီမံကိန်းမြို့များရှိ ဆင်းရဲမှုလျှော့ချရေးကျေးရွာများသို့ လေ့လာရေးအစီအစဉ်ဖြင့် ၃-၁၂-၂၀၂၃ရက်နေ့မှ ၁၀-၁၂-၂၀၂၃ ရက်နေ့အထိ သွားရောက်ခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ဆောင်ရွက်လျက်ရှိသည့် ဆင်းရဲမှုပပျောက်ရေးနှင့် ကျေးလက်ဒေသရှင်သန်ဖြစ်ထွန်းရေး လုပ်ငန်းများအား လေ့လာခြင်းနှင့် လေ့လာရေးခရီးစဉ်တစ်လျှောက်မှ ရရှိလာသော အတွေ့အကြုံများအပေါ်အခြေခံပြီး မိမိတို့နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသော Project Design ကို ရေးဆွဲ၍ သက်ဆိုင်ရာ မဲခေါင်-လန်ချန်းနိုင်ငံအသီးသီး၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန်နှင့် မဲခေါင်-လန်ချန်း နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်မြင့်မားလာစေရန် ရည်ရွယ်ချက်ဖြင့် ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာနမှ ဖိတ်ကြားခဲ့ခြင်းဖြစ်ပါသည်။

### အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးသွားရောက်သူများ

ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံ အလုပ်ရုံဆွေးနွေးပွဲသို့ သွားရောက်သူများမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စာရေးသူနှင့် ဆင်းရဲမှုလျှော့ချရေးနှင့် သက်မွေးဝမ်းကျောင်း အထောက်အကူပြုဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဇောဟိန်း၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြက်မောက်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာ ကော်မတီဝင်တစ်ဦးဖြစ်သူ ဒေါ်ရတနာအောင်ကျော်မင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာမှ မြစိမ်းရောင်ကျေးရွာကော်မတီဝင်တစ်ဦးဖြစ်သူ ဘဏ္ဍာရေးမှူး ဒေါ်အေးစန်းဝေတို့ တက်ရောက်ခဲ့ပါသည်။



Silk Festival ၏ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ရောင်းချမှုများအား ထိုင်းနိုင်ငံ CDD ညွှန်ကြားရေးမှူးချုပ်(Silk Festival)က ရှင်းလင်းစဉ်။

မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာအစိုးရအရာရှိ နှစ်ဦးနှင့် ကျေးရွာသူ ကျေးရွာသား နှစ်ဦး စုစုပေါင်း လေးဦးစီ တက်ရောက်ခဲ့ပါသည်။ အိမ်ရှင် ထိုင်းနိုင်ငံကလည်း ပြည်ထောင်စုအဆင့်၊ ဒေသန္တရအဆင့် ကျေးရွာအဆင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ပါသည်။ ရက်သတ္တနှစ်ပတ်ကြာ လေ့လာရေးခရီး သွားရောက်ခဲ့ရသောကြောင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိခဲ့ပါသည်။ လေ့လာရေးခရီးစဉ်တွင် ယခင် မဲခေါင်-လန်ချန်း ညှိနှိုင်းအစည်းအဝေးများတွင် အတူတက်ရောက်ခဲ့သူများ ပါဝင်ခဲ့သဖြင့် အထူးပျော်ရွှင် ဝမ်းမြောက်ခဲ့ပါသည်။

### ထိုင်းနိုင်ငံ လေ့လာရေးခရီးစဉ်

၂၇-၁၁-၂၀၂၃ ရက်နေ့တွင် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Central Government Complex ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာန၊ စီးပွားရေးနှင့် လူထုဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ဘဏ္ဍာရေးနှင့် အသေးစား ငွေရေးကြေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ စီးပွားရေးနှင့် လူထုဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူးက ထိုင်းနိုင်ငံ၏ ဆင်းရဲမှုပပျောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဘဏ္ဍာရေးနှင့် အသေးစားငွေရေးကြေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည့်စုံဖူလုံသော စီးပွားရေး ဖြစ်ထွန်းလာစေရေး ဒဿနအခြေခံသည့် ပြည့်စုံလုံလောက်မှုရှိသော စီးပွားရေးအသိပညာ (Sufficiency Economy Philosophy-SEP) ဖြင့် လက်တွေ့ကျင့်သုံးဆောင်ရွက်နေမှုအခြေအနေနှင့် ရရှိလာသော အတွေ့အကြုံကောင်းများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

၂၈-၁၁-၂၀၂၃ ရက်နေ့တွင် ဘဏ္ဍာရေးနှင့် အသေးစားငွေရေးကြေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အခြေခံလူတန်းစားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်တွင်း ပြည်ပ နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဆောင်ရွက်သည့် ကျေးရွာများအား ကမ္ဘာလှည့်ခရီးသွားဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအလိုက် Country Presentation ရှင်းလင်းတင်ပြခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် စာရေးသူက Poverty Reduction on Sustainable Rural Development Measures ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ၂၉-၁၁-၂၀၂၃ ရက်နေ့ Silk Festival-Silk Success Sustainability အရောင်းစင်တာရှိ ကျေးလက်ထုတ်ကုန်များ ရောင်းချလျက်ရှိသည့် ဆိုင်ခန်းများသို့ သွားရောက်လေ့လာခဲ့ပါသည်။ ထို့နောက် နာခွန်နာရှော့ခ် ပြည်နယ်ရှိ ဘန်သန်ကျေးရွာတွင် ပြည့်စုံလုံလောက်မှုရှိသော စီးပွားရေးအသိပညာဖြင့် (Sufficiency Economy Philosophy-SEP) ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ ရန်ပုံငွေထူထောင်ထားရှိမှု အခြေအနေများ၊ မီးဖိုချောင် စွန့်ပစ်အမှိုက်များမှ သဘာဝမြေဩဇာထုတ်လုပ်ခြင်း၊ တစ်နိုင်တစ်ပိုင်သုံး မြေဆွေး၊ မြေဩဇာပြုလုပ်ခြင်းနှင့် စွန့်ပစ်တာယာများဖြင့် အလှပန်းအိုး စိုက်ပျိုးရောင်းချနေမှုများကို သွားရောက်လေ့လာခဲ့ပါသည်။

ထူးခြားချက်မှာ စီမံကိန်းအား ဦးဆောင်သူမှာ လူငယ်တစ်ဦးဖြစ်ပြီး ဂျပန်နိုင်ငံ၌ စိုက်ပျိုးရေးလုပ်ငန်းများ သွားရောက်လုပ်ကိုင်အတွေ့အကြုံများရယူကာ မိမိကျေးရွာစီးပွားရေး၊ လူနေမှုအဆင့်အတန်းမြင့်မားအောင် တက်တက်ကြွကြွ ဆောင်ရွက်ခြင်းဖြစ်ပြီး ကျေးရွာသူ ကျေးရွာသားများက အားတက်သရော လိုက်ပါဆောင်ရွက်ကြကြောင်း အားကျဖွယ် တွေ့ရှိရပါသည်။

၃၀-၁၁-၂၀၂၃ ရက်နေ့တွင် Ban Ban Khan Tai ကျေးရွာရှိ စွန့်ပစ်အမှိုက် စီမံခန့်ခွဲ မှုစနစ်များ၊ စွန့်ပစ်အမှိုက် ပြန်လည်အသုံးချသည့် နည်းလမ်းများနှင့် Green House စနစ်ဖြင့် ဥယျာဉ်ခြံ စိုက်ပျိုးရေးလုပ်ငန်းများသို့ သွားရောက်လေ့လာခဲ့ပါသည်။ ဆက်လက်၍ ၂-၁၂-၂၀၂၃ ရက်နေ့တွင် ဘန်ကောက်အနုပညာနှင့် ယဉ်ကျေးမှု Center သို့ သွားရောက်လေ့လာခဲ့ပါသည်။

### မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ ရေးဆွဲထားသော ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စီမံကိန်းဒီဇိုင်း၏ Action Plan ဆွေးနွေးခြင်း

ပြည့်စုံလုံလောက်မှုရှိသော စီးပွားရေးအသိပညာ အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်မှ ရရှိလာသောအတွေ့အကြုံကောင်းများကို အခြေခံ၍ မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စီမံကိန်းရေးဆွဲ၍ နိုင်ငံအလိုက်ဆောင်ရွက်မည့် Action Plan ရေးဆွဲတင်ပြခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံနှင့်ကိုက်ညီသည့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာစီမံကိန်းအား “Enhancing Rural Livelihoods for Poor Households in Myanmar” စီမံကိန်းအမည်ဖြင့်ရေးဆွဲခဲ့ပြီး ဆောင်ရွက်မည့် အစီအစဉ် Action Plan အား ၁-၁၂-၂၀၂၃ ရက်နေ့တွင် စာရေးသူက ဘန်ကောက်မြို့ အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးခဲ့ပါသည်။

### တရုတ်နိုင်ငံ လေ့လာရေးခရီးစဉ်

မဲခေါင်-လန်ချန်းအဖွဲ့ဝင် ကိုယ်စားလှယ်များသည် ၃-၁၂-၂၀၂၃ ရက်နေ့တွင် အလုပ်ရုံ ဆွေးနွေးပွဲတက်ရောက်ရန်နှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အတွေ့အကြုံကောင်းများ သွားရောက်လေ့လာရန်အတွက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ ကူမင်းမှတစ်ဆင့် လင်ချန်းမြို့သို့ လေယာဉ်နှစ်ဆင့်စီး၍ ရောက်ရှိခဲ့ပါသည်။ ၄-၁၂-၂၀၂၃ ရက်နေ့တွင် ဖွင့်ပွဲအခမ်းအနားကျင်းပဆောင်ရွက်ခဲ့ပြီး လင်ချန်းမြူနီစီပယ်အစိုးရမှ တာဝန်ရှိသူများ(International Poverty Reduction Centre in China- IPRCC) (အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးဗဟိုဌာန) ဒုတိယညွှန်ကြားရေးမှူးချုပ်အပါအဝင် တာဝန်ရှိသူများ ယူနန်ပြည်နယ်

*စာမျက်နှာ ၂၁ သို့*

**ပြည့်စုံလုံလောက်မှုရှိသော စီးပွားရေးအသိပညာ အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်မှ ရရှိလာသော အတွေ့အကြုံကောင်းများကို အခြေခံ၍ မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စီမံကိန်းရေးဆွဲ၍ နိုင်ငံအလိုက်ဆောင်ရွက်မည့် Action Plan ရေးဆွဲတင်ပြခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံနှင့်ကိုက်ညီသည့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာစီမံကိန်းအား “Enhancing Rural Livelihoods for Poor Households in Myanmar” စီမံကိန်းအမည်ဖြင့် ရေးဆွဲခဲ့**

- ◆ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာနသို့ ဒီဇိုင်းတင်ပြခဲ့သည့် စီမံကိန်းကို ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာရှိ အခြေခံလိုအပ်ချက်အများဆုံး အိမ်ထောင်စု ၃၀ ရွေးချယ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ထောက်ပံ့ရန် အသေးစိတ်ဒီဇိုင်းဖြင့် ပြန်လည်တင်ပြခဲ့ရာ အတည်ပြု၍ အမေရိကန်ဒေါ်လာ ၉၂၀၄ ဒသမ ၇၆ ကို ၂၀၂၄ ခုနှစ် မတ်လတွင် လွှဲပြောင်းပေးခဲ့သဖြင့် စီမံကိန်းစတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ
- ❒ ထိုင်းနိုင်ငံ မဲခေါင်-လန်ချန်းထောက်ပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ USD ၉၂၀၄ ဒသမ ၇၆ ဖြင့် ဧရာဝတီတိုင်းဒေသကြီး ရိုးကြီးကျေးရွာတွင် လိုအပ်ချက် အများဆုံးရှိသည့် အခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်းအား ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ အကောင်အထည်ဖော် ဆောင်ရွက်မည်

*စာမျက်နှာ ၂၀ မှ*

IPRCC ဒုတိယညွှန်ကြားရေးမှူးချုပ် အပါအဝင် တာဝန်ရှိသူများက တက်ရောက်ခဲ့ပါသည်။ ဒီဇင်ဘာလဖြစ်၍ ဆောင်းရာသီ အအေးဓာတ် သိသိသာသာခံစားရကာ မြန်မာ၊ ထိုင်းနှင့် အလွန်ကွာခြားသည့် ရာသီဥတုပြောင်းလဲမှုများကို တွေ့ကြုံခဲ့ရပါသည်။

၄-၁၂-၂၀၂၃ ရက်နေ့တွင် (International Poverty Reduction Centre in China-IPRCC) အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးဗဟိုဌာနမှ တာဝန်ရှိသူများက တရုတ်နိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ မူဝါဒနှင့် နည်းဗျူဟာများ၊ ရိုးရာယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် ယူနန်ပြည်နယ် အစိုးရတာဝန်ရှိသူမှ ပြည့်စုံလုံလောက်မှုရှိသော စီးပွားရေးအသိပညာ (Sufficiency Economy Philosophy-SEP) ကို အခြေခံ၍ ကျေးလက်စီးပွားရေး၊ လူမှုရေးနှင့် ရိုးရာယဉ်ကျေးမှုဖွံ့ဖြိုးလာစေရန်အတွက် လုပ်ငန်းဆောင်ရွက်ချက်များ တင်ပြဆွေးနွေးခဲ့ပြီး လင်ချန်းမြူနီစီပယ်အစိုးရတာဝန်ရှိသူက ဒေသထွက် သဘာဝအရင်းအမြစ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါင်းစပ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းမှ ရရှိလာသည့် အတွေ့အကြုံကောင်းများကို မျှဝေဖလှယ် ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အဖွဲ့ဝင်ကိုယ်စားလှယ်များအဖွဲ့သည် ၅-၁၂-၂၀၂၃ ရက်နေ့တွင် ဘိုရှန်းမြို့နယ် အိုးလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းသို့ လည်းကောင်း၊ လန်ချန်းမြို့နယ် ဇုန်ရှန်ကျေးရွာ ဝါးလုပ်ငန်းစက်ရုံသို့လည်းကောင်း၊ လန်ချန်းနည်းပညာကောလိပ်သို့ လည်းကောင်း သွားရောက်လေ့လာခဲ့ပါသည်။ ၇-၁၂-၂၀၂၃ ရက်နေ့တွင် ဖန်ကျင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ သစ်ကြားသီးစိုက်ပျိုး ထုတ်လုပ်ရေးလုပ်ငန်း၊ Erdahoe ကျေးရွာရှိ ခရီးသွားလုပ်ငန်းနှင့် လန်ချန်းမြို့ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်လေ့လာခဲ့ပါသည်။ ၈-၁၂-၂၀၂၃ ရက်နေ့တွင် အန်ရှီကျေးရွာရှိ လက်ဖက်စိုက်ပျိုးထုတ်လုပ်နေမှုနှင့် ဈေးကွက်ချိတ်ဆက် ရောင်းချနေမှုတို့ကို သွားရောက်လေ့လာခဲ့ပါသည်။

လန်ချန်းခရီးစဉ်ပြီးဆုံး၍ ကူမင်းသို့ ပြန်လာစဉ် ကူမင်း၌ ယခင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် IPRCC စီမံကိန်း အတူလက်တွဲဆောင်ရွက်ခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် တစ်နှစ်ကျော်စီခန့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကဏ္ဍအလိုက် စီမံကိန်းတာဝန်ခံများ ပြန်လည်တွေ့ဆုံ၍ အားလုံးပျော်ရွှင်ဝမ်းမြောက်ခဲ့ပါသည်။ ယူနန် IPRCC အဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ မြန်မာနိုင်ငံ၌ ကာလရှည် တာဝန်ထမ်းဆောင်ခဲ့ကြသူများက ကူမင်းတွင် ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။

မိမိတို့ဝန်ကြီးဌာနမှ လက်တွေ့ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လေ့လာခွင့်ရရှိ၍ တိုက်ရိုက်ပြန်လည်အသုံးချနိုင်သည့် အသိပညာ၊ အတွေ့အကြုံ ဗဟုသုတများ ရရှိခဲ့ပါသည်။ ရရှိသည့်အတွေ့အကြုံအပေါ် မူတည်၍ ကျေးရွာတစ်ရွာတွင် မိမိနိုင်ငံနှင့် ကိုက်ညီသည့် စီမံကိန်းဒီဇိုင်းနှင့် ဆောင်ရွက်မည့် Action Plan တို့ကို ယူနန်ပြည်နယ် လန်ချန်းမြို့၌ Work Plan နှင့် Budget Plan ပါ ပူးတွဲ၍ ၆-၁၂-၂၀၂၄ ရက်နေ့တွင် တင်ပြခဲ့ရပါသည်။

ထိုစီမံကိန်းဆောင်ရွက်ရန်အတွက် တစ်နိုင်ငံလျှင် USD(10000) ကို ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာနမှ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ လေးလအတွင်း စီမံကိန်းအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း တစ်ပါတည်း သတင်းပေးခဲ့ပါသည်။ လေ့လာရေးခရီးစဉ်မှ ပြန်လာပြီး သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း အထွေထွေ ပိုလျှံရန်ပုံငွေ(GRF) မှ သုံးစွဲခွင့် တင်ပြခဲ့ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အချိန်မီ ရရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာနသို့ ဒီဇိုင်းတင်ပြခဲ့သည့် စီမံကိန်းကို ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာရှိ အခြေခံလိုအပ်ချက်အများဆုံး အိမ်ထောင်စု ၃၀ ရွေးချယ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ထောက်ပံ့ရန် အသေးစိတ်ဒီဇိုင်းဖြင့် ပြန်လည်တင်ပြခဲ့ရာ အတည်ပြု၍ အမေရိကန်ဒေါ်လာ ၉၂၀၄ ဒသမ ၇၆ ကို ၂၀၂၄ ခုနှစ် မတ်လတွင် လွှဲပြောင်းပေးခဲ့သဖြင့် စီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**ခရီးစဉ်လေ့လာတွေ့ရှိချက်များ**

ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့ သွားရောက်လေ့လာခဲ့သည့် ခရီးစဉ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လေ့လာတွေ့ရှိခဲ့ပါသည်-

(က) ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ကျေးလက်ဒေသများတွင် ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကျေးလက်နေပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍအသီးသီးတွင် ယဉ်ကျေးမှု/ ဘာသာတရား အလေ့အကျင့်ကောင်းများကို ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအား ရေရှည်ဖွံ့ဖြိုးတိုးတက် အောင်မြင်စေရေးကို ပြည့်စုံလုံလောက်မှုရှိသော စီးပွားရေးအသိပညာ (Sufficiency Economy Philosophy-SEP model)ကို လက်တွေ့ကျင့်သုံး ဆောင်ရွက်လျက်ရှိပြီး အမှန်တကယ်အောင်မြင်မှုများ ရရှိနေပါသည်။

(ခ) ထိုင်းနိုင်ငံသည် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးအား အခြေခံမှု(၃)ရပ်ဖြစ်သော နိုင်ငံတကာဈေးကွက်ရရှိရေး၊ ထုတ်လုပ်ဖန်တီးနိုင်ရေး၊ ပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်မားရေးဖြင့် ဆောင်ရွက်လျက်ရှိပြီး အဆိုပါကျေးရွာများအား ကမ္ဘာလှည့်ခရီးသွားဒေသအဖြစ် ဖော်ဆောင်ကာ ကျေးလက်ဒေသများ၏ စီးပွားရေးကို မြှင့်တင်ပေးလျက်ရှိပါသည်။

(ဂ) ထိုင်းနိုင်ငံ၏ ကျေးလက်ဒေသများတွင် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်အား ထိရောက်စွာ ဆောင်ရွက်လျက်ရှိပြီး မီးဖိုချောင်သုံး စွန့်ပစ်အမှိုက်များ၊ သစ်ရွက်ခြောက် အမှိုက်များအား မြေဩဇာအဖြစ် အသုံးပြုနိုင်အောင် ဆောင်ရွက်ပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် ပြန်လည်အသုံးချခြင်းဖြင့် ကုန်ကျစရိတ်သက်သာအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဃ) တရုတ်နိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသထွက်သဘာဝအရင်းအမြစ်များကို ထိရောက်စွာ အသုံးချခြင်း၊ အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိကအခန်းကဏ္ဍ မြှင့်တင်ခြင်း၊ ကျေးလက်ဒေသ ထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်၍ အရောင်းခန်းမများ၊ E-commerce စနစ်များဖြင့် ရောင်းချခြင်း၊ ကျေးလက်ဒေသများအတွက် စိုက်ပျိုးရေးနှင့် ခရီးသွားဒေသအဖြစ် ပေါင်းစပ်ဖော်ဆောင်ခြင်း၊ လက်မှုလုပ်ငန်းနှင့် ခရီးသွားဒေသအဖြစ် ပေါင်းစပ်ဖော်ဆောင်ခြင်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားဒေသအဖြစ် ပေါင်းစပ်ဖော်ဆောင်ခြင်း စသည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

**ခရီးစဉ်သုံးသပ်ချက်**

ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့ သွားရောက်လေ့လာခဲ့သည့် ခရီးစဉ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ထိုင်းနိုင်ငံတွင် လက်တွေ့ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် ပြည့်စုံလုံလောက်မှုရှိသော စီးပွားရေးအသိပညာ (Sufficiency Economy Philosophy-SEP model)ဖြင့် ကျေးလက်နေပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍအသီးသီးတွင် ယဉ်ကျေးမှုဘာသာတရား အလေ့အကျင့်ကောင်းများကို ဖော်ဆောင်သော ဖွံ့ဖြိုးတိုးတက်စေသည့် model ဒီဇိုင်းအား မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများတွင်လည်း ဆင်းရဲသော အိမ်ထောင်စုရွေးချယ်၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်၊

(ခ) ကျေးလက်ဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မြေဩဇာအသုံးစရိတ် လျှော့ချရေးအတွက် စွန့်ပစ်အမှိုက်စနစ် စီမံခန့်ခွဲခြင်းနှင့် မီးဖိုချောင်သုံး စွန့်ပစ်အမှိုက်များ မြေဩဇာပြုလုပ်သုံးစွဲခြင်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်သင့်ပါသည်၊

(ဂ) မြန်မာနိုင်ငံ၏ ကျေးလက်ဒေသထွက်ထုတ်ကုန်များကို အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းဖြင့် တန်ဖိုးမြှင့်တင်ခြင်း၊ ဈေးကွက်ချိတ်ဆက် ရောင်းချပေးခြင်းနှင့် ကျေးလက်ဒေသခရီးသွားလုပ်ငန်းများကို ပိုမိုတိုးတက်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ပေးသင့်ပါသည်၊

(ဃ) Targeted ကျေးရွာများ ရွေးချယ်၍ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အလှူရှင်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးပူးပေါင်း၍ စံပြကျေးရွာဖော်ဆောင်ကာ Tourism Village အထိ အဆင့်မြှင့်တင် ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်**

ထိုင်းနိုင်ငံ မဲခေါင်-လန်ချန်းထောက်ပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ USD ၉၂၀၄ ဒသမ ၇၆ ဖြင့် ဧရာဝတီတိုင်းဒေသကြီး ရိုးကြီးကျေးရွာတွင် လိုအပ်ချက်အများဆုံးရှိသည့် အခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်းအား ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုအပေါ် အားသာချက်၊ အားနည်းချက်များ ဖော်ထုတ်၍ စီမံကိန်းဒီဇိုင်း ပြန်လည်ပြင်ဆင်ရေးဆွဲကာ ၂၀၂၄ ခုနှစ် မေလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် အလုပ်ရုံ ဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးရမည် ဖြစ်ပါသည်။

အဆိုပါ ပြန်လည်ပြင်ဆင်ရေးဆွဲထားသည့် စီမံကိန်းဒီဇိုင်းဖြင့် ကျေးရွာတစ်ရွာ ထပ်မံရွေးချယ်၍ ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဌာန၏ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေမှ ထပ်မံထောက်ပံ့ပေးသွားမည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

**အတွေးအမြင်ဗဟုသုတများစွာ ရရှိခဲ့**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လင်ချန်းမြို့တို့တွင် ၂၆-၁၁-၂၀၂၃ ရက်နေ့မှ ၁၀-၁၂-၂၀၂၃ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော ပြည့်စုံဖူလုံသော စီးပွားရေးဖြစ်ထွန်းလာစေရေးဒဿနအခြေခံသည့် လူမှုဘဝအရည်အသွေးဘက်စုံကဏ္ဍစုံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်အတွင်း ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများနှင့် အလေ့အကျင့်ကောင်းများ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာများအား လေ့လာခွင့်ရရှိခဲ့သည့်အပြင် မိမိတို့နိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် ပြန်လည်အသုံးချနိုင်သည့် အတွေးအမြင်၊ ဗဟုသုတများစွာ ရရှိခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပညာရေးဝန်ကြီးဌာန

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၄ ခုနှစ်၊ မေလ (၂၃) ရက်နေ့မှ ဇွန်လ (၂) ရက်နေ့ထိ

## ပညာရေးဝန်ကြီးဌာန

## ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

## " အသိပေးကြေညာချက် "

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

## မြန်မာစာ မြန်မာစကား

မြန်မာစာကို နေ့တိုင်းရေးနေကြသည်။ မြန်မာစကားကို နေ့တိုင်းပြောနေကြသည်။ သို့သော် အမှတ်မဲ့သော်လည်းကောင်း၊ အမှတ်မှား၍သော်လည်းကောင်း၊ အမှား၊ အမှန် မကွဲပြား၍သော်လည်းကောင်း အသံထွက်ပုံထွက်နည်း မှားယွင်းကြသည်။ အက္ခရာရေးဆွဲပုံ၊ ရေးဆွဲနည်း လွဲနေတတ်သည်။

### ဍ နှင့် ဎ ဆင့်ပုံ

ဋဝဂ် တွင် ဍ အက္ခရာသည် တတိယက္ခရာ ဖြစ်၍ ဎ သည် စတုတ္ထက္ခရာ ဖြစ်သည်။ ပါဠိဆင့်စနစ်အရ တတိယက္ခရာနှင့် စတုတ္ထက္ခရာတို့ ဆင့်သောအခါ တတိယက္ခရာသည် စတုတ္ထက္ခရာ၏ အထက်၌ အမြဲရှိရသည်။ ထို့ကြောင့် ဍ ကို ဎ အပေါ်၌ ဆင့်ရသည်။

နောက်ပိုင်းတွင် ဍ သည် ဎ အပေါ်မှ ဎ အတွင်းပိုင်းသို့ တဖြည်းဖြည်း ရောက်လာ၍ ဍ္ဎ ဟု ရေးလာသည်။ နောက်ပိုင်း ဎ္ဍ ဟုပင် ဍ က အောက်သို့ ရောက်သွားသည်။ မသင့်။ ဍ ကို ဎ အပေါ်တွင် ဆင့်၍ ရေးသင့်သည်။



(မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။)

## (၃၂) ကြိမ်မြောက် ရွှေပညာဒါနအခမဲ့ သင်တန်းဆင်း

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် (၃၂)ကြိမ်မြောက် ရွှေပညာဒါန အခမဲ့ သင်တန်းဆင်းပွဲကို မေ ၁၁ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၆)ရပ်ကွက် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ပြုလုပ်ရာ အသင်းနာယက၊ ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အမှုဆောင်များ၊ ဆရာ ဆရာမများက သင်တန်းသား သင်တန်းသူဦးရေ ၁၀၀ ကျော်အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည် ။

သင်တန်းကို ၁၀ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် ရွှေသတ္တုတူးဖော်ခြင်းဘာသာရပ်၊ ရွှေပန်းတိမ်ပညာဘာသာရပ်၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက်ရောင်းဝယ်ခြင်း၊ အသုံးချရွှေသင်္ချာ၊ ရွှေအပေါင်ခံခြင်းဘာသာရပ်၊ ရွှေဒင်္ဂါး/ငွေဒင်္ဂါးဘာသာရပ်၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း၊ ကျောက်မျက်ပညာ ဘာသာရပ်အကြောင်းတို့ကို ပညာရှင်များက ပို့ချခဲ့ကြကာ သင်တန်းပထမနေ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနတို့က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT)အကြောင်းကို ပို့ချပေးခဲ့ကြောင်း သိရသည်။

မျိုးမင်းသူရ

## အုတ်တွင်းမြို့နယ်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းရှင်တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

အုတ်တွင်း မေ ၁၂

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာအုပ်စု ကွင်းအမှတ် (၃၅၉) ဦးပိုင်(၃၁) တောင်သူ ဦးမြင့်သိန်း၏ နှံကောက်စိုက်ခင်း၌ နွေစပါး စံကွက် ရိတ်သိမ်းပွဲကို မေ ၁၀ ရက်က ပြုလုပ်ရာ စိုက်ပျိုးရေး ဦးစီးဌာန (ရုံးချုပ်)မှ စပါးသီးနှံ ညွှန်ကြားရေးမှူး ဦးတိုးမင်း၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များနှင့် တောင်သူများ တက်ရောက်ကြပြီး နွေစပါးစံကွက် ၀ ဒသမ ၁ ဧက ရိတ်သိမ်းရာတွင် တစ်ဧကလျှင် စပါးအခြောက် ၁၄၂ ဒသမ ၅ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

ထို့နောက် စပါးသီးနှံ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်း ဆောင်ရွက်နေသည့် MMKH ကုမ္ပဏီသို့ သွားရောက်၍ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဖြန့်ဖြူးပြီးသော မြေသြဇာနှင့် မျိုးစေ့နမူနာများ၊ ဆန်နမူနာများကို ကြည့်ရှုကာ လာမည့်မိုးရာသီကာလတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းနှင့်တွဲဖက်၍ Rice Export Zone ထူထောင်နိုင်ရေးအတွက် မျိုးများထုတ်လုပ်မည့် အစီအစဉ်၊ ကြိတ်ခွဲမည့် အစီအစဉ်နှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့်ကျောက်တလင်းကျေးရွာမှ တောင်သူများနှင့် တွေ့ဆုံကာ အခက်အခဲများ မေးမြန်း၍ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခြင်း၊ နည်းပညာဆိုင်ရာ မျှဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။



အေမင်းရည်စော

## လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိပြုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



## ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2E/6871 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အုံ့မွန်ဇော် ၉/ညဥန(နိုင်)၁၇၇၆၆၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## မိဘအမည်မှန်

နမ္မတူမြို့နယ်၊ အထက(မန်စံ)၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-9 တွင် ပညာသင်ကြားခဲ့သော မသီတာမြင့်၏ မိဘအမည်မှန်မှာ ဦးလဲ(စ်)နက်နှင့် ဒေါ်မာယာဒေဝီ ဖြစ်ပါကြောင်း။ **မသီတာမြင့်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ အကွက်အမှတ်(၁၀-ဂ/ရမခအနောက်၊ ဦးပိုင်(၄၀)၊ ဧရိယာ(၀.၁၂၁)ဧက၊ အမှုတွဲအမှတ်၊ ၃၄၁-၅/၂၀၀၅-၂၀၀၆(အေ)၊ ဦးထွန်းဝေ ၁၃/လရန(နိုင်)၀၂၅၃၇၆ အမည်ပေါက်မြေကွက်အား စာချုပ်အမှတ် (၁၀၉၁/၂၀၂၄)ဖြင့် ဒေါ်အေးအေးမြင့် ၅/ဝလန(နိုင်)၀၅၀၇၂၂ ထံရောင်းချပေးပြီးဖြစ်၍ ဒေါ်အေးအေးမြင့်မှ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၂၀)အတွင်း အထောက် အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၁)၊ အကွက်အမှတ်(၁+၁၀တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၃၂)၊ မြေချိန်ဧရိယာ(၀.၀၉၆)ဧကရှိ အမှုတွဲအမှတ် ၁၉-၅/၂၀၀၀-၂၀၀၁(စီ)ဖြင့် ဦးငို့ရိုင်း (၁၂/မဂတ(နိုင်)၀၂၁၀၇၉)အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ၎င်းမြေငှားလိုင်စင်သည် နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ပိုင်ဆိုင်မှုအရှုပ်အရှင်းမရှိကြောင်း အခြားသူများထံ ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်း၊ အာမခံထားခြင်းများမရှိပါကြောင်းနှင့် မြေငှားလိုင်စင် ထုတ်ပေးနိုင်ပါရန် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း (၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/96295, KAMAX WAUE 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြယ်စစ်ရွှန်လက် ၉/အမဇ (နိုင်)၀၄၇၃၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ပြည်ထဲရေးဝန်ကြီးဌာန၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသည် တပ်ဖွဲ့/ဦးစီး ဌာနများအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပြုတင်ဒါ အဆိုပြုလွှာ တင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၁၃-၅-၂၀၂၄ ရက်နေ့မှစတင်၍ သက်ဆိုင်ရာတပ်ဖွဲ့/ ဦးစီးဌာန(ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံ တင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီးဌာနများ၏ တည်ဆောက်ရေးလုပ်ငန်းအုပ်စုအလိုက် ဈေးနှုန်းအဆိုပြုလွှာများအား ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ ထန်းတပင်ကျောက်မျက်ကွက်သစ်၊ တော်ဝင်ရတနာလမ်း (ဆုတောင်းပြည့်ကျောင်းတိုက်အနီး)ရှိ ဒက္ခိဏခရိုင် မီးသတ်စခန်းတွင် ၂၁-၅-၂၀၂၄ ရက်နေ့ နံနက်(၁၀၀၀)အချိန်မှ ညနေ ၄ နာရီ(၁၆၀၀)အချိန်အထိ တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးရုံး | ဖုန်း ၀၆၇-၃၄၁၂၇၈၈၊ ၀၆၇-၃၄၁၂၆၂၁ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း ၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂ |
| (ဂ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း ၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း ၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း ၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄ |

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု အောက်ဖော်ပြပါ ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(က) **ဆေးဝါးနှင့် ဆေးပစ္စည်းများ**

(ခ) **ခွဲစိတ်ခန်းနှင့် ခွဲစိတ်မှန်ခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ**

(၂) **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ထုတ်ယူရမည့်ရက်** - ၁၅-၅-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၄-၆-၂၀၂၄ရက် (သောကြာနေ့) ညနေ ၄နာရီ

(၃) တင်ဒါလျှောက်လွှာ စည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို ၁၅-၅-၂၀၂၄ရက် မှ ၁၄-၆-၂၀၂၄ရက်အထိ ရုံးချိန်အတွင်း ဆေး ရုံးအုပ်ကြီးရုံးခန်းတွင် တင်ဒါလျှောက်လွှာသတ်မှတ်ဈေးနှုန်းအတိုင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့**
**ဖုန်း-၀၅၉-၄၂၀၃၄**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော **"လမင်းကျော်"**အမည်ရှိ ထားဝယ်ခရိုင်နှင့်မြိတ်ခရိုင် ငါးဖမ်းရေယာဉ်**(ရေယာဉ်မှတ်ပုံတင်အမှတ်၊ (FDD/ 0028/09)**ရေယာဉ်၏ တန်ချိန်-၁၈.၄၈အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးအေးရွှေ ၆/ရဖန(နိုင်)၀၂၇၀၂၅ အမည်မှ ဒေါ်မာမာအေး ၆/ပလန(နိုင်)၀၀၀၃၆၇အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်း များနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်-တ/၂ ဦးပိုင်အမှတ်(၇၉)၊ ဧရိယာ (၀.၀၅၅၁)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်ခင်စန်းဝင်း (ဘ/ဦးကျော်ခဲ) ၅/ခဥတ(နိုင်) ၀၄၁၀၆၈၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် - ၃၆၁၈/၂၀၀၇ (၂၇-၈-၂၀၀၇)ရရှိသူ ဦးအောင်ဆန်းဝင်း (ဘ/ဦးကျော်မင်း) ၉/ကဆန (နိုင်)၁၂၀၃၁၁ ထံမှ ဦးသန့်ဇင်နိုင် (ဘ/ဦးအေးနိုင်) ၅/စကန(နိုင်)၁၇၈၁၄၁ မှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ရာ လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါ အရောင်းအဝယ်စာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ (၁၇-၅-၂၀၂၄)ရက် နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ဆက်သွယ်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်ခင်စန်းဝင်း (သို့မဟုတ်) ၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးအောင်ဆန်းဝင်းနှင့် အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးသန့်ဇင်နိုင် (ဘ/ဦးအေးနိုင်)** | **ဒေါ်လတ်လတ်အောင် (LL.B)** |
| **၅/ စကန (နိုင်) ၁၇၈၁၄၁** | **(တရားလွှတ်တော်ရှေ့နေ စဉ်-၁၂၆၅၈)** |
| | **(ခ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊** |
| | **မန္တလေးမြို့၊ ဖုန်း-၀၉-၄၄၂၀၅၆၉၈၀** |

## အမည်ပြောင်း

ဦးထိုက်အောင်ကျော် ၇/ရတန(နိုင်)၀၉၆၈၄၆ ၏သမီး ပြင်ဦးလွင်မြို့၊ အလက(၃) KG တန်းမှ ဖြေဆိုအောင်မြင်ခဲ့သော မဂျူးသက်လျှာသွယ်အား ယနေ့မှစ၍ မခိုင်သီရိသူ ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မခိုင်သီရိသူ**

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဘူးပင်တဲကျေးရွာ နေ မောင်နေမျိုး(ဘ) ဦးဟံဝင်း ၉/သေရ(နိုင်)၀၁၅၄၇၁ ၏ ပတ်စ်ပို့အမှတ် MB 333977 မှာ ပျောက်ဆုံးသွားပါသည်။

**ဖုန်း-၀၉-၄၂၆၄၆၂၅၅၉**

## ငွေချက်ထုတ်ရန်ဆင့်စာ

## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅) မြစ်ကြီးနားမြို့နယ်တရားရုံးတော် ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၈

ဦးစိုင်းဆိုင်ခေး(၎င်း၏အခွင့်ရကိုယ်စား လှယ်လွှဲစာရသူ-ဦးအောင်ကျော်ဆန်း) နှင့် ဒေါ်နန်းဇိန်းခေါ်နန်းနူး

(တရားလို) (တရားပြိုင်)

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အမှတ်(၅/၂၆၆)၊ အေးမြသာယာ-မြို့သစ်ကြီးရပ်ကွက်နေ တရားပြိုင် ဒေါ်နန်းဇိန်းခေါ်နန်းနူး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုင်းဆိုင်ခေးက အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေး စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဇွန်လ ၁၀ရက် (၁၃၈၆ခုနှစ်၊ နယုန်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ မေလ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အားစီမီး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မြစ်ကြီးနားမြို့နယ်တရားရုံး**

## အမည်ပြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားကွက်သစ်ရပ်နေ ဦးမင်းဇော် ၉/ကပတ(နိုင်)၁၉၉၆၄၈ ၏သမီး ပုပ္ပား အထက Grade-8 မှ ဖြေဆိုအောင်မြင်ခဲ့သည့် မခင်ချမ်းပြည့်ဘုန်းအား ယနေ့မှစ၍ မမြင့်သဇင်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမြင့်သဇင်ဇော်**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း G-11 မှ မောင်ထက်ဝေယံအောင်နှင့် G-9 မှ မနှင်းရတီအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်လွင်ထွန်း ၉/လဝန(နိုင်)၀၆၁၈၇၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၄/ညောင်နီ)၊ ကွင်း/အကွက် အမှတ်(၆၆၇/ညောင်နီအနောက်ကွင်း)၊ ဦးပိုင်အမှတ်(၁၀၆/၂-ခ)၊ မြေဧရိယာ(၀ဒသမ၀၆)ဧကရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ယဉ်ကျော့အေး ၁၂/လသယ(နိုင်) ၀၅၇၂၆၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါ က ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါ သည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ရွှေပဒေသာလမ်း၊ မြေကွက်အမှတ်(၈၄၄/ခ)ဟု ခေါ်တွင်သော နှစ်(၆၀) မြေငှားဂရန်တွင် ဒေါ်ညွှန့်ညွှန့်ဆွေ အမည်ပေါက် အလျား(၄၄)ပေx အနံပေ(၆၀)ဧရိယာ စတုရန်းပေ (၂၆၄၀)မြေကွက်အနက်မှ ပြန်လည်ခွဲစိတ်ရခြင်းမရှိသေးသော မြေကွက်၏ (ခေါင်းရင်းခြမ်း)(ဂရန်မူရင်းခြမ်း) အလျား(၂၄)ပေ x အနံပေ(၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက် အဆောက်အဦး အပါအဝင် ရေ/မီးအစရှိသောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစစ်ဆန်း (၁၂/ဥကတ(နိုင်)၁၃၉၉၅၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးမျုးသန့်ဇင် (၅/ကဘလ(နိုင်)၂၂၇၇၉၉)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများ နှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၃) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမျုးသန့်ဇင်၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** | **အထက်တန်းရှေ့နေ၊ စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)** |

